ကြေးမုံ
The Mirror

၁၃၇၂ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့ (20-10-2010) (၆၅၅၇)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သီပေါ-လဲချား ရထားလမ်းပိုင်းတွင် မြေသားလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လက်ရှိရရှိနေသည့် တည်ငြိမ်အေးချမ်းမှုကို သားစဉ်မြေးဆက်ထိ ဆက်လက်ထိန်းသိမ်း တရားဥပဒေစိုးမိုးရေးကို ဒေသအာဏာပိုင်များနှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်

လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွန်းရေး၊ ကလေးများ အတန်းပညာကုန်သင်ကြားရေးနှင့် အဆင့်မြင့်ပညာသင်ကြားနိုင်အောင်ကူညီပေး

နေပြည်တော် အောက်တိုဘာ ၁၉

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်သည် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်သန်းထွဋ်၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် အောက်တိုဘာ ၁၇ ရက် မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့သို့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ တွင် ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော လိုက်ပါလျက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား၏ သီပေါ-လဲချား-နမ့်စန် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်း(သီပေါ-လဲချားလမ်းပိုင်း) စီမံကိန်းအင်ဂျင်နီယာရုံးသို့ ရောက်ရှိကြသည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့☆

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် သိန်းနီမြို့၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ့မီးရထားက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစ်ကြီးနား - ဗန်းမော် - မိုးမိတ် - ကျောက်မဲ- သီပေါ-လဲချား-နမ့်စန် ရထားလမ်းသည် ခရီးမိုင် ၄၇၄ ဒသမ ၅၀ မိုင် ရှည်လျား။

၂၀-၁၀-၂၀၁၀
(ဗုဒ္ဓဟူးနေ့)

ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် စက်မှုနိုင်ငံထူထောင်

နိုင်ငံတော်၏ စီးပွားရေးသည် လယ်ယာစိုက်ပျိုးရေးကို အခြေခံသည်။ နှစ်စဉ် သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်လာရေး ဦးတည်ကြိုးပမ်းလျက်ရှိသည်။ လယ်ယာကဏ္ဍတွင် လုပ်ကိုင်နေကြသူ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး အလေးထားပြီး စိုက်ပျိုးရေအပါအဝင် လိုအပ်ချက်များကို အဘက်ဘက်က စီမံဖြည့်ဆည်းပေးနေသည်။ ယခုအခါ ဆန်တန်ချိန် သန်း ၂၀ ဝန်းကျင် ထွက်ရှိနေပြီဖြစ်ရာ ပြည်တွင်းစားသုံးမှု ဖူလုံပြည့်စုံနေပြီဖြစ်သည်။

နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး အားသွန်ခွန်စိုက် ကြိုးပမ်းကြရပေမည်။ စက်မှုဖွံ့ဖြိုးသည့်နိုင်ငံ ထူထောင်နိုင်ခြင်းဖြင့်သာ နိုင်ငံခေတ်မီ တိုးတက်လာပေမည်။ စက်မှုနိုင်ငံ တည်ဆောက်ရာတွင် လိုအပ်သည့် သဘာဝ သယံဇာတအရင်းအမြစ်များ ရှိပြီးဖြစ်သည်။ အတတ်ပညာရှင် လူ့စွမ်းအား အရင်းအမြစ်များ စဉ်ဆက်မပြတ် မွေးထုတ်ပေးလျက်ရှိသည်။ ယခုအခါ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ ထူထောင်၍ စက်ရုံ၊ အလုပ်ရုံအသစ်များစွာကို တိုးချဲ့တည်ဆောက်နိုင်နေပြီ။ အကြီးစားစက်မှုလုပ်ငန်းများနှင့် သွင်းကုန် အစားထိုးလုပ်ငန်းများ အရှိန်ရစပြုနေပြီ။

နိုင်ငံ၏ စီးပွားရေး၊ ကုန်ထုတ်လုပ်မှုနှင့် လူမှုရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရာတွင် လျှပ်စစ်စွမ်းအားသည် အရေးပါလျက်ရှိသည်။ စက်မှုနိုင်ငံထူထောင်ရာတွင် အဓိကလိုအပ်ချက်တစ်ခုဖြစ်သည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် ရေအရင်းအမြစ်၊ သဘာဝစွမ်းအား အခြေအနေပေးမှုအပေါ် တည်မှီ၍ ရေအားလျှပ်စစ်စီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်လျက်ရှိသည်။ တည်ဆောက်ပြီးစီးသည့် စက်ရုံများကို ဖွင့်လှစ်၍ ဓာတ်အားများ ထုတ်လွှတ်ပေးနေပြီဖြစ်သည်။

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်ရှိ ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၏ အမှတ်(၃) ဓာတ်အားပေးစက်ကို အောက်တိုဘာ ၁၆ ရက်က စတင်လည်ပတ် ဓာတ်အားပို့လွှတ်လိုက်ပြီဖြစ်သည်။

ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို ၂၀၀၀-၂၀၀၂ ခုနှစ်က စတင်ခဲ့ပြီး လျှပ်စစ်တပ်ဆင်အား စက်တစ်လုံးလျှင် ၁၉၇ ဒသမ ၅ မဂ္ဂါဝပ်ဖြင့် စက်လေးလုံး မဂ္ဂါဝပ် ၇၉၀ တပ်ဆင်ထားသည်။ ဓာတ်အားပေးစက်ရုံ၏ စက်အမှတ်(၁)ကို ၂၀၁၀ ခုနှစ် ဖေဖော်ဝါရီ ၂၄ ရက်နှင့် စက်အမှတ်(၂)ကို ဇူလိုင် ၁၆ ရက်တို့တွင် စတင်လည်ပတ် ဓာတ်အားပို့လွှတ်လျက်ရှိသည်။ ယခု စက်အမှတ်(၃)မှ ဓာတ်အားပို့လွှတ်နိုင်ပြီဖြစ်ရာ ကျန်ရှိသည့် စက်အမှတ်(၄) မကြာမီ လည်ပတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

ပြည်သူများ၏ ပြောင်းလဲတိုးတက်လာသည့် လူနေမှုအဆင့်အတန်း မြင့်မားလာမှုနှင့်အတူ ခေတ်မီစက်မှုလုပ်ငန်းများ တိုးတက်များပြားလာလျက်ရှိရာ နိုင်ငံ၏ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နှစ်စဉ် မြင့်မားလာလျက်ရှိသည်။ ယခုအခါ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀၀ ကျော်ထုတ်လွှတ်ပေးနိုင်နေပြီ။ ရေအားလျှပ်စစ်စီမံကိန်းများ အချိန်မီတည်ဆောက်ပြီးစီးရေး၊ လျှပ်စစ်ဓာတ်အားများကို မဟာဓာတ်အားလိုင်းကြီးများမှတစ်ဆင့် ဖြန့်ဖြူးပေးနိုင်ရေး ဆက်လက်ကြိုးပမ်းကြခြင်းဖြင့် နိုင်ငံတော်နှင့် ပြည်သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး စက်မှုနိုင်ငံ ထူထောင်ရာတွင် ပိုမိုအကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော သီပေါမြို့ တပ်နယ်ခန်းမ၌ တပ်နယ်မိသားစုများနှင့် တွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၁၉

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇောသည် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် သီပေါမြို့ တပ်နယ်ခန်းမသို့ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နမ္မတူမြစ်ကူး လေလုံတံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်ကောင်းမွန်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

တိုင်းမှူးသည် အောက်တိုဘာ ၈ ရက်တွင် နမ့်ဆန်မြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိပြီး ရေသန့်စက်တပ်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ နမ့်ဆန်မြို့ ခုတင်(၅၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိရာ ဆေးရုံတက်ရောက် ကုသမှုခံယူလျက်ရှိသော ဒေသခံပြည်သူများအား တွေ့ဆုံနှုတ်ဆက်အားပေးကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် တိုင်းမှူးသည် မန်တုံမြို့ နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ အရာရှိ၊ စစ်သည်မိသားစုဝင်များနှင့်တွေ့ဆုံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ တပ်ရင်းမိသားစုများ၏ တစ်ပိုင်တစ်နိုင် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကျော်ဇော နမ့်ဆန်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ရေသန့်စက် တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများကို အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း ကနဦးအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာအပူပိုင်းဒေသ သစ်နှင့်ပတ်သက်သော အဖွဲ့အစည်း ITTO တို့ ပူးပေါင်း၍ မြန်မာနိုင်ငံ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဒီရေတော ဂေဟစနစ် စီမံအုပ်ချုပ်မှု ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများအား အကဲဖြတ်လေ့လာခြင်း အကြိုလုပ်ငန်းစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ အဆိုပါစီမံကိန်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကနဦးအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပခဲ့ရာ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ဒီရေတောများ ပြန်လည်ပြုစုပျိုးထောင်ရေးဆိုင်ရာ သုတေသနစာတမ်း လေးစောင်ကို စာတမ်းရှင်များက ဖတ်ကြားတင်သွင်းကြပြီး ဒီရေတောများနှင့် ဒီရေတောဂေဟစနစ်များ ပြန်လည်ထူထောင်ရာ၌ ရင်ဆိုင်ရသည့် အဓိကပြဿနာများကို ဆွေးနွေးခြင်း၊ ဒီရေတောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ခြင်းကို အထောက်အကူဖြစ်စေရန်နှင့် ဒီရေတောများ ပြန်လည်တည်ထောင်ရေးအတွက် ဆောင်ရွက်ရန်သင့်လျော်သည့် လုပ်ငန်းများသတ်မှတ်ခြင်း၊ အဖွဲ့အစည်းများက ဆောင်ရွက်မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အကဲဖြတ်ခြင်း၊ မူဘောင်ဖော်ထုတ်ရန် အဓိကအချက်များကို သတ်မှတ်ခြင်း စသည်တို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နာဂစ် ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံ ဒီရေတောများကို အကဲဖြတ်လေ့လာခြင်း အကြိုစီမံကိန်း ကနဦး အလုပ်ရုံဆွေးနွေးပွဲတွင် သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

SANYO Eneloop ဓာတ်ခဲ မိတ်ဆက်ပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

Earth Trading Co., Ltd. ၏ Eneloop ဓာတ်ခဲ၊ အားသွင်းစက်များနှင့် Solar Light မိတ်ဆက်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပရာ ဒါရိုက်တာ ဦးဇော်မင်းဦးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Sanyo Energy (s) Corporation Pte., Ltd. မှ Managing Director Mr. Mitsuru Iguchi နှင့် Regional Sales Manager Mr. James Yee တို့က Sanyo Eneloop Products များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြသည်။ ထို့နောက် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ အငြိမ်းစားသံအမတ်ကြီး ဦးလှမောင်နှင့် ဒေါ်ဆွေဇင်ထိုက်တို့က ဟောပြောကြသည်။

အဆိုပါ Eneloop ဓာတ်ခဲများသည် ဝယ်ယူပြီး ချက်ချင်းအသုံးပြု၍ရကာ အကြိမ်ပေါင်း ၁၅၀၀ တိုင်အောင် ပြန်လည်အားသွင်း၍ အသုံးပြုနိုင်သဖြင့် ရေရှည်တွင် ကုန်ကျစရိတ်သက်သာပြီး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတွင် အကျိုးပြုနိုင်သည်။ Sanyo Eneloop ဓာတ်ခဲအမျိုးမျိုး၊ အားသွင်းစက်အမျိုးမျိုးနှင့် Eneloop Solar Light တို့ကို Sanyo Energy Corporation Pte., Ltd. မှ Earth Trading Co.,Ltd. သို့ မြန်မာတစ်နိုင်ငံလုံးသို့ ဖြန့်ဖြူးရောင်းချနိုင်ရန် တရားဝင်ကိုယ်စားလှယ်အဖြစ် ခန့်အပ်ကြောင်း သိရှိရသည်။

အသေးစိတ် သိရှိလိုပါက Earth Trading Co., Ltd. အမှတ်(၅၃/၅၄) ပြည်လမ်း (၉)မိုင် မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၆၅၁၆၉၆၊၆၅၂၇၃၀ နှင့် ၆၆၀၂၂၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြိုဆို နှုတ်ခွန်းဆက်

Earth Trading Co.,Ltd.၏ Eneloop ဓာတ်ခဲ၊ အားသွင်းစက်နှင့် Solar Light မိတ်ဆက်ပွဲအခမ်းအနားတွင် ဒါရိုက်တာ ဦးဇော်မင်းဦး ကြိုဆို နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ဦးရှုပ်တူနှင့် သမီး မသီသီတင်တို့အား ရည်စူး၍ (၈)ရပ်ကွက် လွတ်လပ်ရေးလမ်း ပခုက္ကူမြို့နေ ဒေါ်တင်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆွမ်း၊ ဆေး၊ ငွေပဒေသာပင် အလှူငွေကျပ် ငါးသိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့နာယက ဦးမောင်တင် လက်ခံစဉ်။ (သတင်းစဉ်)

ဝကျောဖုံးမှ

ယခုတတိယအကြိမ်အဖြစ် ချစ်ကြည်ရေးလက်ဆောင် စက်ခေါင်း အလုံး ၃၀ ကို ယနေ့လွှဲပြောင်းလက်ခံ ရရှိသကဲ့သို့ ပြုပြင်ထိန်းသိမ်းရေး စက်ပစ္စည်း ၁၆ မျိုးကို ယခင်အပတ်က ရွှေလီမှ လက်ခံလွှဲပြောင်းပြီး သက်ဆိုင်ရာစက်ရုံများသို့ သယ်ဆောင်လာခဲ့ပြီဖြစ်ကြောင်း၊ အဆိုပါ စက်ခေါင်းများကို ခရီးသွားပြည်သူများ မြန်မာနိုင်ငံ တစ်နံတစ်လျားခရီးသွားလာမှု အဆင်ပြေချောမွေ့စေရေးနှင့် မြန်မာနိုင်ငံ အထက်နှင့်အောက်၊ အရှေ့နှင့်အနောက် ကုန်စည်ပို့ဆောင်မှု လုပ်ငန်းများ လျင်မြန်ချောမွေ့စေရေး ရည်ရွယ်လျက် မြန်မာ့မီးရထား၏ ပို့ဆောင်ရေးလုပ်ငန်းများတွင် အားဖြည့်ပြေးဆွဲသွားရန် စီမံထားရှိပါကြောင်း။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် အမြော်အမြင်ကြီးမားစွာဖြင့် ရထားပို့ဆောင်ရေးဝန်ကြီးဌာနအတွက် လမ်းညွှန်ချမှတ်ပေးခဲ့သည့် စီမံကိန်းများကို အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်နေချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ချစ်ကြည်ရေးလက်ဆောင် စက်ခေါင်းနှင့်တွဲများ ပေးအပ်ခဲ့သည့်အတွက် မြန်မာ့မီးရထားအနေဖြင့် အလွန်ပင်ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းဖြင့် ပြောကြားသည်။

နှုတ်ခွန်းဆက်

ထို့နောက် ကူမင်းမီးရထားအုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Wen Qing Liong က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနက ချစ်ကြည်ရေးလက်ဆောင်အဖြစ်ပေးအပ်သော ရထားစက်ခေါင်း ၃၀ နှင့် စပ်လျဉ်းသည့် စာရွက်စာတမ်းများကို ကူမင်းမီးရထားအုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Wen Qing Liong က မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေထံ လွှဲပြောင်းပေးအပ်သည်။

လိုက်လံကြည့်ရှု

ထို့နောက် ဝန်ကြီး ဦးအောင်မင်း၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ချစ်ကြည်ရေး ရထားစက်ခေါင်းများကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြပြီး ချစ်ကြည်ရေး ရထားစက်ခေါင်းများနှင့် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုကြသည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ် Mr. Wen Qing Liong တို့သည် နေပြည်တော်ဘူတာကြီး အဆောက်အအုံအား လိုက်လံကြည့်ရှုကြပြီး ညွှန်ကြားရေးမှူးချုပ် Mr. Wen Qing Liong နှင့် အဖွဲ့ဝင်များသည် နေပြည်တော်ဘူတာမှ အထူးရထားဖြင့် မန္တလေးသို့ ထွက်ခွာသွားကြရာ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများက ပို့ဆောင်နှုတ်ဆက်ကြသည်။

တတိယအကြိမ်

ယခု လွှဲပြောင်းပေးအပ်ခြင်းသည် ရထားပို့ဆောင်ရေး ဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ရထားစက်ခေါင်းများကို ချစ်ကြည်ရေးလက်ဆောင်အဖြစ် တတိယအကြိမ် ပေးအပ်ခြင်းဖြစ်ပြီး စက်ခေါင်းအမျိုးအစားမှာ စီဖန်းဒီဇယ်ဟိုက်ဒြောလစ်စက်ခေါင်းဖြစ်ကာ စက်စွမ်းအားမှာ မြင်းကောင်ရေ ၁၀၀၀ ဖြစ်၍ ဒီဇယ်အင်ဂျင်အမျိုးအစားဖြစ်သည်။

ချစ်ကြည်ရေး

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ချစ်ကြည်ရေးလက်ဆောင်အဖြစ် ယခုအကြိမ်အပါအဝင် စက်ခေါင်း ၃၅ လုံး၊ လူစီးတွဲ ၁၅၀၊ ကုန်တွဲ ၂၀၀ နှင့် ပြုပြင်ထိန်းသိမ်းရေး စက်ပစ္စည်း ၁၆ မျိုးတို့ကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရကလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၉-၉-၂၀၀၁ တွင် ရေနွေးငွေ့စက်ခေါင်း (class ST) အမျိုးအစား စက်ခေါင်းနှစ်ခေါင်းနှင့် နယ်လှည့်သစ်သားတွဲနှစ်တွဲတို့ကိုလည်း ချစ်ကြည်ရေးလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မှတ်တမ်းဓာတ်ပုံများကြည့်ရှု

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများ ရထားပို့ဆောင်ရေးဝန်ကြီးဌာနနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြစဉ်။

(သတင်းစဉ်)

တက်ရောက်အားပေး

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း တတိယအကြိမ် စက်ခေါင်း ၃၀ လွှဲပြောင်းပေးအပ်ပွဲသို့ တက်ရောက်အားပေးစဉ်။ (သတင်းစဉ်)

ရထားစက်ခေါင်းများ

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တတိယအကြိမ်လွှဲပြောင်းပေးအပ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရထားစက်ခေါင်းများကို တွေ့ရစဉ်။

(သတင်းစဉ်)

လူနေမှုပုံစံနှင့် အများပြည်သူ၏ ရွေးချယ်မှုပြပွဲ ၂၀၁၀ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၁၉

ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ K Future Co., Ltd. က ကြီးမှူးကျင်းပသော Life Style & People's Choice 2010 ပြပွဲကို အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်ထိ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပြပွဲတွင် Main Sponsor အဖြစ် Shine Group of Companies က အဆင့်မြင့်အိမ်ရာတိုက်ခန်း၊ ကွန်ဒို၊ Hyundai Elevator၊ Co- Sponsor အဖြစ် Sinma Furnishing Co., Ltd.၊ Do Co Mo Mobile Shop ၊Panasonic Electronic Media Sponsor အဖြစ် Family Entertainment Group (MRTV-4)၊ Entertainment Sponsor များအဖြစ် Shine Group of Companies၊ Europe and Asia Commercial Co., Ltd.(EMO Coffeemix) တို့က တာဝန်ယူပံ့ပိုးပြီး နေအိမ်သုံးအီလက်ထရွန်စနစ်၊ ပရိဘောဂ၊ မိုဘိုင်းနှင့် ဆက်စပ်ပစ္စည်း၊ Cherry Oo မှ Rhythm အပါအဝင် နာမည်ကျော်နာရီအမျိုးမျိုး၊ ZEAICX ၊@ work၊ Scene Living passion၊ Leeco၊ စိန်နှင့်မြ၊ Uni Teak၊ Lucky House၊ Home Distribution၊ Maruart၊ ဦးလှရွှေ(ပါကေး)၊ The One (CLEAN PE Water Tank)၊ Htun Thit Oo၊ Absolute Products Co.,Ltd.၊ Myanma Thitsar၊ SP Distribution Group၊ Yadanar Moe၊ Myanmar Thiha နှင့် UNITEX Fashion၊ Shine Fashion၊ Archer Cusal Wear၊TIENS၊ Beauty Life သဘာဝအသားအရေထိန်း အလှပြင်ပစ္စည်းအမျိုးမျိုးနှင့် အဆင့်မြင့်ရုံးသုံး၊ နေအိမ်သုံးနှင့် လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ Goal နှင့် Hone Shin မှ စားသောက်ကုန်များ၊ ရွှေရိုးမွန်လက်ဖက်၊ ငွေသဇင်မင်းပဲဆီသန့်၊ KM (Outside Catherine Services)၊ The Cup Corner၊ Jean Town၊ AKK Fashion၊အိမ့်ခြူးစံ၊ Pardise၊ Pensonic၊ Kyaw Zeyar Trading Co., Ltd.၊ OK Myanmar Co., Ltd.၊ Fortune International Co., Ltd.၊ ERA Technology Co., Ltd.၊ Three Friends Trading Co., Ltd.၊ Uranus Co., Ltd.၊ REGENCY ရေချိုးခန်းသုံးပစ္စည်းများ၊ Zin9 Group of Companies၊ NCTC Computer၊ Alliance Stars Co., Ltd.၊ THE RADIANCE Computer၊ Sanyo solarenerg Electronics ၊ FTTH၊ My ring tune၊ Smart Electronics Dictionary၊ Midea Induction Cooker၊ MNZ Bill Counter၊ Midea Electrical၊ Setra digital weighting၊ Somic၊ Artwork၊ brother Copier Machine နှင့် Computer ဆက်စပ်ပစ္စည်းများ၊ Htun Star Co., Ltd. မှ Ptt စက်သုံးဆီ၊ INSEE ဘိလပ်မြေ၊ Khaing Khaing Sang Da Motorcar Manufacturing Co., Ltd. မှလုပ်ငန်းသုံးမော်တော်ယာဉ်အမျိုးမျိုး၊ City Guide လမ်းညွှန်စာအုပ်များ ပါဝင်ပြသသွားမည်ဖြစ်သည်။

(သတင်းစဉ်)

မန္တလေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့၌ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ရေကြီးနစ်မြုပ်မှုများဖြစ်ပွား သက်ဆိုင်ရာတာဝန်ရှိသူတို့က လိုအပ်သည်များကူညီပေးလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ အောက်တိုဘာ ၁၅ ရက် နှင့် ၁၆ ရက်တို့တွင် မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် ပုဂံရှေးဟောင်းနယ်မြေ၌ ပျက်စီးမှု အချို့ရှိခဲ့ကြောင်း၊ ပုဂံဘူတာနှင့် ပုလင်းဘူတာအကြား ရထားလမ်း ရေတိုက်စားမှုကြောင့် ပျက်စီးမှုများအား ပုဂံဘူတာမှတာဝန်ရှိသူများ သွားရောက်ပြုပြင်ပြီးစီးခဲ့သဖြင့် ရထားများပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိကြောင်း သိရှိရသည်။

အလားတူ မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် နယ်မြေ(၁) ရှိ နေအိမ်ခုနစ်လုံး အတွင်းသို့ အောက်တိုဘာ ၁၇ ရက်က ရေများဝင်ရောက်ခဲ့မှုကြောင့် အိမ်ထောင်စု ရှစ်စုမှ လူဦးရေ ၃၇ ဦးအား ရေဘေးလွတ်ကင်းရာသို့ ရွှေ့ပြောင်းနေရာချထားပေးခဲ့ပြီး ဒေသအာဏာပိုင်များ၊ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မတ္တရာမြို့နယ်ရှိ ရေဘေးသင့် ပြည်သူများအား အောက်တိုဘာ ၁၇ ရက်တွင် အလှူရှင်များက ထမင်းထုပ်များ၊ ဆန်များ၊ ကြက်သွန်၊ ငရုတ်သီး၊ ခေါက်ဆွဲထုပ်၊ ရေသန့်ဘူး၊ ဆီ၊ဆား၊ အဝတ်အထည်နှင့် ငွေများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ်၌ အောက်တိုဘာ ၁၇ ရက် နံနက်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နေအိမ်လေးလုံးခန့်၌ မိုးကြိုးလျှပ်စစ်စက်ကွင်းမိခဲ့သဖြင့် လျှပ်စစ်ပစ္စည်းအချို့ပျက်စီးခဲ့ကြောင်း၊ ရေလျှံရေဝပ်ခြင်း၊ ရေမြောင်းများ ပိတ်ဆို့ခြင်းများ ဖြစ်ပေါ်သည့်နေရာများ၌ မြို့နယ်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများနှင့် ပြည်သူများစုပေါင်း၍ ရှင်းလင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ မြေနိမ့်ပိုင်းရပ်ကွက်အချို့၌ အောက်တိုဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ရေများဝင်ရောက်ခဲ့မှုကြောင့် မြို့နယ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ သွားရောက်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ လူနေအိမ်များ ပြောင်းရွှေ့နေထိုင်ရမှု မရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပင်လယ်သေစာခွေများ အင်တာနက်မှ ဖတ်ရှုခွင့်ရမည်

ဂျေရုဆလင် အောက်တိုဘာ ၁၉

အစ္စရေးနိုင်ငံ၏ ရှေးဟောင်းလက်ရာများဆိုင်ရာ အာဏာပိုင်အဖွဲ့သည် ဂူဂဲလ်အင်တာနက်ဝန်ဆောင်မှု ကုမ္ပဏီနှင့် ပူးပေါင်း၍ ရှေးဟောင်းပင်လယ်သေစာခွေများ(Dead Sea Scrolls)ကို အွန်လိုင်းပေါ်၌ လွှင့်တင်ပေးသွားမည်ဖြစ်ကြောင်း အင်္ဂါနေ့သတင်းများတွင် ဖော်ပြသည်။

ယင်းကဲ့သို့ ဝန်ဆောင်မှုပေးခြင်းအားဖြင့် ၂၀ ရာစု၏ အကြီးမားဆုံး ရှေးဟောင်းသုတေသနဆိုင်ရာ တွေ့ရှိမှုအဖြစ် မှတ်ယူနိုင်ဖွယ်ရှိသည့် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ က ရေးသားခဲ့သော ပင်လယ်သေစာခွေများကို မြင်ကွင်းပြတ်သားစွာဖြင့် အခမဲ့ ဖတ်ရှုနိုင်မည်ဖြစ်သည်။

ပင်လယ်သေစာခွေများ၏ ပထမဆုံးဓာတ်ပုံ ပုံရိပ်များကို လာမည့်လများအတွင်း အွန်လိုင်းပေါ်သို့ လွှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပင်လယ်သေစာခွေများကို မူရင်းအရေးအသားနှင့် ဘာသာပြန်ကိုပါ အင်တာနက်မှတစ်ဆင့် ဖတ်ရှုနိုင်အောင် စီစဉ်မည်ဖြစ်သည်။

ပင်လယ်သေစာခွေများကို ၁၉၄၀ ခုနှစ်ပတ်ဝန်းကျင်တွင် ပင်လယ်သေဒေသရှိ ကျောက်ဂူများထဲ၌ ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။ ယင်း စာခွေများတွင် ဟီဘရူးသမ္မာကျမ်းမှ အခန်းများကို ရေးသား ဖော်ပြထားကြောင်း သိရသည်။ **အေပီ။**

ပြည်ပရောက် တမီလ် ကျားသူပုန်ခေါင်းဆောင်များ အင်အားပြန်လည်စုစည်းရန် ကြိုးပမ်းနေဟုဆို

ကိုလံဘို အောက်တိုဘာ ၁၉

အမေရိကန်ပြည်ထောင်စုနှင့် နော်ဝေနိုင်ငံများတွင် ရောက်ရှိနေသော တမီလ်ကျားသူပုန် အဖွဲ့ခေါင်းဆောင်များသည် ၎င်းတို့၏ မအောင်မမြင်ဖြစ်ခဲ့ရသော ခွဲထွက်ရေးလှုပ်ရှားမှုကို ဆက်လက်လုပ်ဆောင်ရန် အင်အားစုစည်းနေကြောင်း သီရိလင်္ကာဝန်ကြီးချုပ်က ပါလီမန်လွှတ်တော်တွင် အင်္ဂါနေ့က ပြောကြားသည်။

အမေရိကန်နှင့် နော်ဝေနိုင်ငံများရှိ တမီလ်ကျားသူပုန်ခေါင်းဆောင်နှစ်ဦးသည် တမီလ် ကျားလွတ်မြောက်ရေးတပ်ဖွဲ့ကို ပြန်လည်ဖွဲ့စည်းနေကြောင်း လွှတ်တော်အမတ်များအား သီရိလင်္ကာဝန်ကြီးချုပ် ဒီအမ်ဇေယျရက်သ်နေးက ပြောကြားသည်။

ပြည်ပအခြေစိုက် တမီလ်ကျားသူပုန်အဖွဲ့ခေါင်းဆောင်နှစ်ဦးသည် ထောက်လှမ်းရေး ကလာပ်စည်းများနှင့် အမာခံလက်နက်ကိုင်တပ်ဖွဲ့ဝင်များကို စတင်စုစည်းတည်ဆောက်နေကြောင်း ၎င်းက ဆိုသည်။

၂၀၁၁ ခုနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်ကို ခြောက်ရာခိုင်နှုန်းအထိ မြှင့်တင်သုံးစွဲမည်ဖြစ်ကြောင်း သီရိလင်္ကာအစိုးရက ကြေညာခဲ့ပြီးနောက် ကျားသူပုန်များ အင်အားစုစည်းရန်ကြိုးပမ်းမှုနှင့် စပ်လျဉ်း၍ ယင်းနိုင်ငံဝန်ကြီးချုပ်၏ မှတ်ချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ **အေအက်ဖ်ပီ။**

မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုနှင့် ပါကစ္စတန်ထောက်လှမ်းရေး ပတ်သက်မှုရှိ

နယူးဒေလီ အောက်တိုဘာ ၁၉ - အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ၂၀၀၈ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ ယင်းဖြစ်စဉ်၌ အကြမ်းဖက်တိုက်ခိုက်မှု မလုပ်ဆောင်မီ မြို့အကွက်အကွင်း ကြိုတင်လေ့လာသည်မှ အစပြု၍ ပါကစ္စတန် ထောက်လှမ်းရေးက အတွင်းကျကျပါဝင် ပတ်သက်နေကြောင်း အိန္ဒိယအစိုးရ၏ အစီရင်ခံစာကို ကိုးကား၍ ယနေ့သတင်းများတွင် ဖော်ပြသည်။

မွမ်ဘိုင်း အကြမ်းဖက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ တရားစွဲဆို ခံထားရသော အမေရိကန်နိုင်ငံသားတစ်ဦး၏ စစ်ဆေးမေးမြန်းချက်များကို အခြေပြု၍ အိန္ဒိယအစိုးရက အစီရင်ခံစာကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

မွမ်ဘိုင်းအကြမ်းဖက်တိုက်ခိုက်မှုကို ပါကစ္စတန်အခြေစိုက် လက်ချ်ကာ-အီး-တိုင်ဘာ စစ်သွေးကြွအဖွဲ့က လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး လူပေါင်း ၁၆၆ ဦး သေဆုံးခဲ့သည်။ ယင်းအကြမ်းဖက်တိုက်ခိုက်မှုကြောင့် ပါကစ္စတန်နှင့် အိန္ဒိယနိုင်ငံအကြား ဆက်ဆံရေးမှာ တင်းမာခဲ့ရသည်။

ဆက်ဆံရေးရှိ

အမေရိကန်ပြည်ထောင်စု တရားရုံးတွင် မွမ်ဘိုင်းတိုက်ခိုက်မှုနှင့် ပတ်သက်၍ အပြစ်ရှိကြောင်း ဝန်ခံလျှောက်လဲခဲ့သူ အမေရိကန်နိုင်ငံသား ဒေးဗစ်ဟာ့ဒ်လေက လက်ချ်ကာ-အီး-တိုင်ဘာ စစ်သွေးကြွအဖွဲ့နှင့် ပါကစ္စတန် ပြည်တွင်းထောက်လှမ်းရေး အေဂျင်စီအကြားတွင် အတွင်းကျသောဆက်ဆံရေးရှိကြောင်း အိန္ဒိယစုံစမ်းစစ်ဆေးရေးမှူးများကို ဇွန်လတွင် ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ၏ အစီရင်ခံစာပါ ဟာ့ဒ်လေ၏ အဆိုအရ ပါကစ္စတန်ထောက်လှမ်းရေးအဖွဲ့သည် လက်ချ်ကာ-အီး-တိုင်ဘာ အဖွဲ့ခေါင်းဆောင်ပိုင်းကို ညွှန်ကြားချက်ပေးခြင်း၊ ရန်ပုံငွေထောက်ပံ့ပေးခြင်း စသော စီမံခန့်ခွဲမှုများ လုပ်ဆောင်ပေးခဲ့သည်ဟု ဆိုသည်။ **အေပီ။**

စူပါတိုင်ဖွန်းမုန်တိုင်းမီဂီ တရုတ်နိုင်ငံတောင်ပိုင်းသို့ ဦးတည်ရွေ့လျားနေ

မနီလာ အောက်တိုဘာ ၁၉ - စူပါတိုင်ဖွန်းမုန်တိုင်း မီဂီသည် ဖိလစ်ပိုင်နိုင်ငံ မြောက်ပိုင်းသို့ အောက်တိုဘာ ၁၈ ရက်က ဝင်ရောက်တိုက်ခတ်ခဲ့ရာ သစ်ပင်၊ သစ်တောနှင့် စိုက်ခင်းများ ပြားပြားဝပ် ပျက်စီးခဲ့ရပြီး သေဆုံးသူ ၁၃ ဦးအထိ ရှိခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြသည်။

မုန်တိုင်း၏ အရှိန်ကြောင့် နိုင်ငံ၏ မြို့တော် မနီလာတွင် အင်္ဂါနေ့က မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် တိုင်ဖွန်းမီဂီသည် ပင်လယ်ပြင်ကိုဖြတ်၍ တရုတ်နိုင်ငံတောင်ပိုင်းသို့ ဦးတည်ရွေ့လျားနေကြောင်း သတင်းများတွင် ဖော်ပြသည်။

တိုင်ဖွန်းမီဂီသည် ဖိလစ်ပိုင်နိုင်ငံတွင်း၌ ဝင်ရောက်တိုက်ခတ်စဉ်က လေတိုက်နှုန်းသည် တစ်နာရီလျှင် မိုင် ၁၄၀ ရှိခဲ့သည်။ သို့ရာတွင် မုန်တိုင်းသည် လူနေကျဲပါးသော ဒေသများကိုသာ ဖြတ်သန်းတိုက်ခိုက်ခဲ့ခြင်းကြောင့် လူအသေအပျောက်နှင့် အပျက်အစီး နည်းပါးကြောင်း ကနဦးထွက်ပေါ်ခဲ့သောသတင်းများအရ သိရသည်။

မီဂီမုန်တိုင်းသည် တောင်တရုတ်ပင်လယ်ပြင်အတွင်း ရောက်ရှိပြီးနောက် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၀၈ မိုင်အထိ လျော့ကျခဲ့သည်။ သို့ရာတွင် လေတိုက်နှုန်းသည် မကြာမီ ပြန်လည်ပြင်းထန်လာဖွယ်ရှိပြီး တရုတ်နိုင်ငံတောင်ပိုင်း ကုန်းတွင်းပိုင်းသို့ အောက်တိုဘာ ၂၂ ရက်တွင် ဝင်ရောက်နိုင်ကြောင်း မျှော်လင့်ရသည်။ **အေပီ။**

ဖိလစ်ပိုင်နိုင်ငံ အရှေ့မြောက်ပိုင်း အစ္စဘယ်လာပြည်နယ်တွင် မီဂီမုန်တိုင်းကြောင့် ပျက်စီးပြိုလဲခဲ့ရသော လျှပ်စစ်ဓာတ်အားလိုင်းများကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။

အာဖဂန် အနာဂတ်ရေးဆိုင်ရာဆွေးနွေးပွဲ ပထမဆုံးအကြိမ်အဖြစ် အီရန်နိုင်ငံတက်ရောက်

ကဘူး အောက်တိုဘာ ၁၉

အာဖဂန်နစ္စတန်နိုင်ငံ၏ အနာဂတ်ရေးဆိုင်ရာဆွေးနွေးပွဲ၌ အီရန်နိုင်ငံသည် ပထမဆုံးအကြိမ် ပါဝင်ဆွေးနွေးလျက်ရှိကြောင်း သံတမန်သတင်းရပ်ကွက်က အောက်တိုဘာ ၁၉ရက်တွင် ပြောကြားသည်။

နိုင်ငံတကာဆက်သွယ်ရေးအုပ်စု၏ ဆွေးနွေးပွဲကို အီတလီနိုင်ငံ ရောမမြို့၌ ကျင်းပခဲ့ရာတွင် အီရန်နိုင်ငံ ပါဝင်တက်ရောက်ခဲ့ကြောင်း၊ ယင်းအုပ်စုတွင် အာဖဂန်အစိုးရအဖွဲ့၊ မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)၊ ဥရောပသမဂ္ဂ (အီးယူ)၊ အီရန်အပါအဝင် နိုင်ငံအချို့ပါဝင်ကြောင်း ဘီဘီစီသတင်းဌာနက သတင်းထုတ်လွှင့်သည်။

ဆွေးနွေးခဲ့

အာဖဂန်နစ္စတန်နိုင်ငံတွင် ကိုးနှစ်ကြာစစ်ပွဲပြီးဆုံးရေး၊ ငြိမ်းချမ်းရေးဆွေးနွေးပွဲများသို့ တာလီဘန်အဖွဲ့ တက်ရောက်ရေးစသည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်ဆို၏။

အာဖဂန်နစ္စတန်နိုင်ငံနှင့် ပတ်သက်နေသော ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးကြရာတွင် အီရန်နိုင်ငံ၏ အခန်းကဏ္ဍရှိသင့်ကြောင်း အာဖဂန်နစ္စတန်နှင့် ပါကစ္စတန်ဆိုင်ရာ အမေရိကန် အထူးသံတမန် ရစ်ချက်ဟိုးဘရုစ်က ပြောကြားသည်။

ကန့်ကွက်စရာမရှိ

နိုင်ငံတကာဆက်သွယ်ရေးအုပ်စု၏ ဆွေးနွေးပွဲသို့ အီရန်တက်ရောက်ခြင်းအတွက် အမေရိကန်နိုင်ငံအတွက်လည်း ကန့်ကွက်စရာအကြောင်း မရှိကြောင်း ၎င်းကပြောကြားသည်။

နိုင်ငံတကာဆက်သွယ်ရေးအုပ်စုသည် ဆွေးနွေးပွဲသို့ တက်ရောက်ရန် အစ္စလာမ့်စ်ညီလာခံအဖွဲ့ကိုလည်း ဖိတ်ခေါ်ခဲ့သည်။ ယင်းအဖွဲ့တွင် နိုင်ငံပေါင်း ၅၀ပါဝင်ကြောင်း သတင်းတွင် ဖော်ပြသည်။

အင်တာနက်။

နေတိုးအဖွဲ့ဝင် နိုင်ငံများ၏ ထိပ်သီးအစည်းအဝေး ရုရှားတက်ရောက်မည်

ဒူဗီးလ် အောက်တိုဘာ ၁၉

ရုရှားသမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်သည် လာမည့်လတွင် ကျင်းပမည့် မြောက်အတ္တလန္တိတ်စစ်စာချုပ်အဖွဲ့(နေတိုး)၏ ထိပ်သီးအစည်းအဝေးတွင် ပါဝင်တက်ရောက်ရန် အင်္ဂါနေ့က သဘောတူညီခဲ့ကြောင်း သိရသည်။

ရုရှားအစိုးရသည် နေတိုးအဖွဲ့က အဆိုပြုထားသည့် ဒုံးကျည်ကာကွယ်ရေးထီးရိပ်အစီအစဉ်နှင့် ပတ်သက်ပြီး ဆွေးနွေးရန် ပြင်ဆင်ထားကြောင်း မက်ဗီဒက်ဗ်က ပြောကြားသည်။

မက်ဗီဒက်ဗ်သည် ပြင်သစ် ပင်လယ်ကမ်းခြေ အပန်းဖြေမြို့ ဒူဗီးလ်တွင် ပြင်သစ်နှင့် ဂျာမနီအကြီးအကဲများနှင့် ချေချင်းညှာပြည်နယ် အကြမ်းဖက်တိုက်ခိုက်ခံရမှု အပါအဝင် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ပြင်သစ်သမ္မတ နီကိုလပ်ဆာကိုဇီနှင့် ဂျာမန် အဓိပတိ အင်ဂျလာမာကယ်လ်တို့က ရုရှားနိုင်ငံနှင့် ၎င်း၏ စစ်အေးခေတ်ရန်သူများဖြစ်သော နေတိုးအဖွဲ့ဝင်နိုင်ငံများအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရန် သမ္မတ ဒီမီထရီ မက်ဗီဒက်ဗ်ကို ဖိတ်ခေါ်ခဲ့သည်။

ယင်းသို့ တွေ့ဆုံဆွေးနွေးပြီးနောက် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ နိုဝင်ဘာ ၉ ရက်တွင် ကျင်းပမည့် နေတိုးအဖွဲ့ဝင် နိုင်ငံများ၏ ထိပ်သီးအစည်းအဝေးသို့ ရုရှားနိုင်ငံက တက်ရောက်မည်ဖြစ်ကြောင်း မက်ဗီဒက်ဗ်က ပြောကြားသည်။

ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ မဟာဗျူဟာအမြင်အရ စစ်အေးတိုက်ပွဲကာလတွင် ဆိုဗီယက်အုပ်စုနှင့် အနောက်အုပ်စုဟူ၍ ကွဲပြားခဲ့ရသော ဥရောပတိုက်ကို ပြန်လည်စုစည်းရန် ဥရောပတိုက်လုံး ဆိုင်ရာ လုံခြုံရေးမဟာဗျူဟာတစ်ရပ် ရှိသင့်ကြောင်း ရုရှားသမ္မတက ခံယူထားသည်။

အေအက်ဖ်ပီ။

ပြင်သစ်နိုင်ငံ ဒူဗီးလ် ပင်လယ်ကမ်းခြေ အပန်းဖြေမြို့တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသော ရုရှားသမ္မတ၊ ပြင်သစ်သမ္မတနှင့် ဂျာမနီနိုင်ငံ အဓိပတိတို့ကို အောက်တိုဘာ ၁၉ ရက်က တွေ့ရစဉ်။

အမှာစကား ပြောကြား

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နာယကအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေး ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက် အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နာယကအဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲကျင်းပရေးဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ နာယက အဖွဲ့ဝင် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြပွဲကျင်းပရေး ဗဟိုကော်မတီအတွင်းရေးမှူး မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက ၂၀၁၀ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍအလိုက် စီမံဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဆပ်ကော်မတီများမှ တာဝန်ရှိသူများက ပြပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြကြပြီး ပြပွဲကျင်းပရေး ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်သိန်းတို့က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် နာယကအဖွဲ့ဝင် ဝန်ကြီး ဦးအုန်းမြင့်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

၂၀၁၀ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၉

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနနှင့် ပြည်တွင်းရှိအစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ ရွှင်ရယ်ကုမ္ပဏီဟိုတယ်၌ ကျင်းပရာ အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ဆပ်ကော်မတီ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုအဖွဲ့များကိုယ်စား ဦးငွေသိန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်နှင့် အရာထမ်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ NGOs၊ INGOs မှ ဖိတ်ကြားထားသူများ တက်ရောက်ကြကာ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပကြပြီး တက်ရောက်လာသူများက သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုဆိုင်ရာ ကိစ္စရပ်များကို အကြံပြုဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မြင့် ပြည်တွင်းရှိ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများ၏ သဘာဝဘေး အရေးပေါ်တုံ့ပြန်မှုအစီအစဉ် အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၅ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေး တေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၃၅ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၄၀ ၄။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၄း၅၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၀၅ ၇။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅း၁၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
- ၅း၂၅ ၉။ တိုင်းကျိုးပြည်ပြု တည်ထောင်မှု
- ၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၄၀ ၁၁။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၅)**
- ၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆း၃၅ ၁၅။ **Mail Box**
- ၆း၄၅ ၁၆။ ကာတွန်းအစီအစဉ် -ဆိုက်ကစ်ပါဝါသူရဲကောင်းလေးများ (အပိုင်း -၁၃)
- ၇း၀၀ ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ကြယ်စင်ညီအစ်မများ (အပိုင်း-၁၈)**
- ၈း၀၀ ၁၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၉။ အမျိုးသားရေးတေးကဗျာ
- ၂၀။ နိုင်ငံရေးပါတီများ ဟောပြောချက်
- ၂၁။ ဘယ်လိုမဲပေးကြမှာလဲ
- ၂၂။ နိုင်ငံတကာသတင်း
- ၂၃။ မိုးလေဝသသတင်း
- ၂၄။ ရယ်စရာရွှင်စရာ ဟာသပဒေသာ -မျက်ခုံးမွေးပေါ်ကလူများ (မိုးခနဲ့၊ အရိုင်း၊ သာခု၊ ရေချမ်း၊ မိုးပွင့်၊ မိုးဖြူ၊ ချမ်းမီမီကို၊ နှင်းယှဉ်မြင့်မိုရ်၊ ယုဇန) [ဒါရိုက်တာ-မောင်ပြည့်ဝ (ပန်းဝေသီ)]
- ၂၅။ **Internet Website** ကဏ္ဍ
- ၂၆။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁၇)**
- ၂၈။ သင့်အတွက်မနက်ဖြန်
- ၂၉။ အပိတ်နှုတ်ဆက်စကား
- ၃၀။ ပြီးပါပြီ။

Shine သွားတိုက်ဆေး၏ Launching Party အခမ်းအနားကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၉

Myanmar Consumer Enterprise Limited က ကိုရီးယားနိုင်ငံမှ ရောင်းအားအကောင်းဆုံး သွားတိုက်ဆေး၏ နည်းပညာဖြင့် ထုတ်လုပ်ထားသည့် ဈေးကွက်တွင် ရောက်ရှိနေပြီဖြစ်သော Shine သွားတိုက်ဆေး၏ Launching Party အခမ်းအနားကို အောက်တိုဘာ ၁၆ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ အင်းယားကန်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် ရှေးဦးစွာ Myanmar Consumer Enterprise Limited ဒါရိုက်တာ ဦးအောင်မျိုးမြတ်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် သွားနှင့်ပတ်သက်သော Toothpaste & Oral Care အကြောင်းကို မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါက်တာဌေးမြင့်ဦးက ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းဥက္ကဋ္ဌ ပါမောက္ခ ဦးသိန်းထွန်းက မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်း၏ အသိအမှတ်ပြုလက်မှတ်ကို MCE Limited မှ Shine Oral Care၏ ဒါရိုက်တာ ဦးအောင်မျိုးမြင့်အား ပေးအပ်သည်။

Shine သွားတိုက်ဆေးမှ အမျိုးအစားသုံးမျိုးကို ထုတ်လုပ်ထားပြီး Cavity Protection တွင် Cavity Protection ပါဝင်ခြင်းကြောင့် သွားနှင့်သွားဖုံးများ၏ ဆွေးမြည့်ယိုယွင်းခြင်းနှင့် သွားပိုးစားခြင်းမှ ကာကွယ်ပေးပြီး သွားများကို ဖြူဖွေးသန့်ရှင်းစေသည်။

Green Fresh သည် လက်ဖက်စိမ်းကို အခြေခံပြီး ထုတ်လုပ်ထားသည်။ Green Fresh Toothpaste ကို သုံးခြင်းဖြင့် အသက်ရှူရှိုက်လိုက်တိုင်း အနံ့ဆိုးများကို လျှော့ချပြီး ခံတွင်းရနံ့ကို သင်းပျံ့စေကာ စိတ်ကြည်လင်လန်းဆန်းမှုကို ဖြစ်ပေါ်စေသည်။

Menthol Fresh သည် Menthol ပါဝင်ခြင်းကြောင့် သွားတွင်ဖြစ်ပေါ်တတ်သော ရောဂါများကို ကာကွယ်ပေးပြီး ဥရောပမှ ဆေးဖက်ဝင်အပင်တစ်မျိုးဖြင့် ပြုလုပ်ထားသဖြင့် Menthol Capsules များ ပါဝင်ခြင်းကြောင့် သွားတိုက်နေစဉ်အတွင်း ခံတွင်းအေးမြမှုကို ပိုမိုခံစားရပြီး လန်းဆန်းမှုကို ရရှိစေသည်။

Shine သွားတိုက်ဆေးကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ဦးဖြူလမ်းနှင့် ဦးခြိမ့်လမ်းထောင့် အမှတ်(၁၂၉)တွင်ထုတ်လုပ်ပြီး ဆက်သွယ်ဝယ်ယူလိုသော အရောင်းကိုယ်စားလှယ်အနေဖြင့် Myanmar Consumer Enterprise Limited (MCE Limited) ရန်ကုန်မြို့ သာကေတစက်မှုဇုန် ရန်နိုင်ဆွေ(၂)လမ်း အမှတ်(၄၂) ဖုန်း-၀၉-၈၆၂၄၈၃၂၊ ၀၉-၈၆၂၇၃၀၁ နှင့် မန္တလေးမြို့ အောင်မြေသာစံမြို့နယ် (၈၆)လမ်းနှင့် (၈၇)လမ်း အမှတ်(၂၄/၂၆) (ဘီ) ဖုန်း-၀၂-၆၆၄၂၀၊ ၀၂-၂၁၅၄၆၊ ဖက်စ်-၀၂-၆၆၄၂၀တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

အခွန်လုပ်ငန်းဆိုင်ရာများ မှာကြား

မန္တလေး အောက်တိုဘာ ၁၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် အောက်တိုဘာ ၉ရက် မွန်းလွဲပိုင်းတွင် မန္တလေးမြို့ရှိ ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ကျင်းပသည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အခွန်ဦးစီးဌာနတို့မှ အရာထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနား တက်ရောက်၍ အခွန်လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ် ဦးဆန်းထွန်းသည် ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာသင်တန်းခန်းမသို့ သွားရောက်၍ အထက်မြန်မာပြည် ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၁၉)မှ သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားခဲ့သည်။

(ပြည်တွင်းအခွန်)

စာရင်းအင်းများသည် ခေတ်မီလူနေမှုစနစ်အတွင်း စိမ့်ဝင်ပျံ့နှံ့ နိုင်ငံအားလုံးတွင် စာရင်းအင်းလိုအပ်မှု ဖြည့်ဆည်းပေးရန် နိုင်ငံတကာအသိုက်အဝန်းက ကုလသမဂ္ဂနှင့် လက်တွဲဆောင်ရွက်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၁၀ ခုနှစ် ကမ္ဘာ့စာရင်းအင်းနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၀ ရက်

ယနေ့ဟာ ကျွန်ုပ်တို့ရဲ့ လူ့ဘောင်အဖွဲ့အစည်းအား ပုံဖော်ပေးရာတွင် စာရင်းအင်းများ၏ အရေးပါပုံအား အသိအမှတ်ပြုသည့်အနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေညီလာခံမှနေ၍ အတည်ပြုပြဋ္ဌာန်းပေးထားသည့် ကမ္ဘာ့စာရင်းအင်းနေ့ကို ပထမဦးဆုံးအကြိမ်အဖြစ် စီရင်ကျင်းပသည့်နေ့ ဖြစ်ပါသည်။

စာရင်းအင်းများသည် ခေတ်မီလူနေမှုစနစ်အတွင်းတွင် စိမ့်ဝင်ပျံ့နှံ့လျက်ရှိပါသည်။ အစိုးရပိုင်း၊ စီးပွားရေးပိုင်းနှင့် လူမှုအသိုင်းအဝိုင်းအပိုင်းဆိုင်ရာတို့နှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များချရာတွင် အခြေခံဖြစ်ပါသည်။ စာရင်းအင်းများသည် ကျွန်ုပ်တို့၏ဘဝများအပေါ်တွင် အကျိုးသက်ရောက်လျက်ရှိကြသည့် ဦးတည်ရာများအား သက်ရောက်မှုများနှင့်ပတ်သက်သည့် နက်နဲလှသည့်အချက်အလက်များကို အသိပေးနိုင်ပါသည်။ ဆန်းစစ်မှုများနှင့် စစ်တမ်းကောက်ယူမှုများအရ ယခုနှစ်တစ်နှစ်အတွင်း၌ပင် လူဦးရေသုံးဘီလီယံသည် လူဦးရေနှင့် အိုးအိမ်ဆိုင်ရာ စစ်တမ်းများတွင် ပါဝင်ကြမှာဖြစ်သည်။ ကျောင်းများ၊ ဆေးရုံများ၊ လမ်းများနှင့် အခြားအကြောင်းအရာများစွာတို့အား စီစဉ်ဆောင်ရွက်ရာတွင် စာရင်းအင်းများ၏ အကျိုးသက်ရောက်မှုများရှိကြပါသည်။

စာရင်းအင်းများသည် ထောင်စုနှစ်ဖွံ့ဖြိုးရေးပန်းတိုင်များအား ပြည့်မီစေရန် ကြိုးပမ်းလုပ်ဆောင်မှုများအပါအဝင် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများတွင် အထူးအရေးပါသည့်ကဏ္ဍမှ ပါဝင်နေပါသည်။ ဖွံ့ဖြိုးမှုများအောင်မြင်စေရန်အတွက် ကျွန်ုပ်တို့အနေဖြင့် အချက်အလက်များ စုဆောင်းရန်လိုအပ်ပြီး ဆင်းရဲမွဲတေမှုအတိုင်းအတာ၊ ပညာရေးဆိုင်ရာအခွင့်အလမ်းနှင့် ရောဂါဖြစ်ပွားမှုအခြေအနေများအား စာရင်းအင်းဆိုင်ရာ လေ့လာဆန်းစစ်မှုများပြုလုပ်ရန် လိုအပ်ပါသည်။ ငတ်မွတ်နေသည့် ကလေးငယ်များအား အစားအစာကျွေးမွေးနိုင်ရေး သို့မဟုတ် သဘာဝဘေးအန္တရာယ်ခံရသူများအတွက် အမိုးအကာရရှိစေရေးနှင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လုပ်ဆောင်ရန်နှင့်ပတ်သက်၍ လုပ်ငန်းအစီအစဉ်များချမှတ်ရန်နှင့် ငွေကြေးမျှဝေသုံးစွဲမှုကိစ္စအဝဝတို့အား စီစဉ်ဆောင်ရွက်ရာတွင် စာရင်းအင်းများသည် အဓိကကျသည့်နေရာမှ ပါဝင်နေပါသည်။

၁၉၄၇ ခုနှစ်တွင် ဖွဲ့စည်းထူထောင်သည့် ကမ္ဘာ့ကုလသမဂ္ဂ စာရင်းအင်းများဆိုင်ရာကော်မရှင်သည် စာရင်းအင်းကဏ္ဍများအားလုံးအတွက် နိုင်ငံတကာနည်းစနစ် စံနှုန်းများနှင့် လမ်းညွှန်မှုများအား ဖော်ဆောင်ပေးထားပြီးဖြစ်ပါသည်။ အစိုးရများထံမှ စာရင်းအင်းဆိုင်ရာ အစီရင်ခံမှုများ ပိုမိုကျစ်လျစ်သိပ်သည်းစေရေး၊ ကိန်းဂဏန်းအချက်အလက်များအား ပိုမိုကျယ်ကျယ်ပြန့်ပြန့် ရရှိစေနိုင်ရေးနှင့် ယခင်မည်သည့်အချိန်ကနှင့်မျှမတူဘဲ နိုင်ငံများနှင့် ဒေသများအချင်းချင်း ကိန်းဂဏန်းအချက်အလက်များ နှိုင်းယှဉ်နိုင်စေရေးတို့တွင် ကော်မရှင်သည် အရေးပါသည့်အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နေပါသည်။

စာရင်းအင်းပညာရှင်များအနေဖြင့် အစီရင်ခံစာများနှင့် စာတမ်းများပြုစုရာတွင် စိတ်ရောကိုယ်ပါ ပါဝင်လုပ်ဆောင်နေမှုများအား ကျွန်ုပ် ဂုဏ်ပြုချီးမွမ်းလိုပါသည်။ အဆိုပါပညာရှင်များသည် တိုင်းသူပြည်သားများအား ၎င်းတို့၏ လူနေမှုအသိုင်းအဝိုင်းနှင့်ပတ်သက်သည့် ယုံကြည်စိတ်ချရပြီး ဘက်လိုက်မှုမရှိသည့် သတင်းအချက်အလက်များအား ထုတ်လွှင့်ပေးနေပြီး ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီအား မြှင့်တင်ပေးနေကြသည့်အလျောက် အရေးပါလှသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းအား လုပ်ဆောင်နေကြသူများ ဖြစ်ကြပါသည်။ ၎င်းတို့၏ အဓိကခံယူချက်များဖြစ်ကြသည့် ဝန်ဆောင်ပေးနိုင်မှု၊ သမာသမတ်ရှိမှုနှင့် နည်းပညာကျွမ်းကျင်ပိုင်နိုင်မှုတို့အား နိုင်ငံတိုင်းက အပြည့်အဝ အားပေးထောက်ခံရန်အတွက် သင့်မြတ်လျော်ကန်လှပါသည်။

သို့ရာတွင် အခြားကဏ္ဍများ၌ကဲ့သို့ပင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝန်ထမ်းများအား လစာပေးရန်၊ လေ့ကျင့်ပေးရန်နှင့် ကိန်းဂဏန်းအချက်အလက်များ ကောက်ယူရန်အတွက် ငွေကြေးမရှိခြင်းတို့ကြောင့် မကြာခဏဆိုသလို ၎င်းတို့ကိုယ်ကို အားနည်းချက်ရှိသူများအဖြစ် မှတ်ယူထားကြပါသည်။ နိုင်ငံများအားလုံးတွင် စာရင်းအင်းဆိုင်ရာလိုအပ်မှုကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် နိုင်ငံတကာ အသိုက်အဝန်းအနေဖြင့် ကမ္ဘာ့ကုလသမဂ္ဂနှင့် လက်တွဲဆောင်ရွက်ရန် ယခုကဲ့သို့ ပထမအကြိမ် ကမ္ဘာ့စာရင်းအင်းနေ့ အခါသမယတွင် ကျွန်ုပ်တိုက်တွန်းလိုပါသည်။ ကမ္ဘာ့တစ်ဝန်းလုံးက ဦးတည်ဆောင်ရွက်နေသည့် ဖွံ့ဖြိုးမှုနှင့် ငြိမ်းချမ်းမှုတို့အား အကောင်အထည်ဖော်ဖြည့်ဆည်းပေးနိုင်ရန်အတွက် စာရင်းအင်းများ၏ အရေးပါသည့်အခန်းကဏ္ဍအား အသိအမှတ်ပြုကြပါစို့။ ။

မိတ္ထီလာခရိုင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ၏ ပထမအကြိမ် ပညာရည်ချွန်ဆု ပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ လေးဘာသာဂုဏ်ထူးရှင် မောင်ဝေမင်းထွန်းအား မိတ္ထီလာခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသက်နိုင် ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ဝ၇၈)

ကြံခင်းမြို့နယ်၌ ဆန္ဒမဲထည့်ခြင်း သရုပ်ပြ

ကြံခင်း အောက်တိုဘာ ၁၉

ကြံခင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းသင်တန်းနှင့် ဆန္ဒမဲထည့်ခြင်း လက်တွေ့သရုပ်ပြ အခမ်းအနားကို အောက်တိုဘာ ၁၆ ရက်က ကြံခင်းမြို့ ဧရာဦးခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသန်းနှင့် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုးမြင့်**(အောက်ပုံ)**တို့က အမှာစကား ပြောကြားကြပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များဖြစ်ကြသော ဒေါ်စန်းစန်းငွေ၊ ဦးအုန်းမြိုင်၊ ဦးမြင့်သိန်းနှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးအောင်အေးခန့်တို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းကိစ္စများ ရှင်းလင်းပြောကြားကြပြီး ဆန္ဒမဲအဆင့်ဆင့်ထည့်ခြင်း သရုပ်ပြပွဲကိုပြုလုပ်ခဲ့ကြသည်။ ယင်းအခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ စုစုပေါင်းအင်အား ၃၅၆ ဦးတို့ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ကော်မရှင်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဘာအားကိုးမလဲ" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၆)**
- ၈း၅၀ Parkway Health Patient Assistance Centre (အရိုးအထူးကုဆရာဝန်များနှင့် ဆွေးနွေးခြင်း)
- ၉း၁၅ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ပန်းချီဝင်းဖေမြင့်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၉း၃၅ အားကစားမြင်ကွင်းစုံ (ဖြိုးငွေစိုး၊ ဆန်းထွန်း၊ မြတ်သူရ)
- ၉း၅၅ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
- ၁၀း၁၅ ဓာတ်ပုံထဲမှအမှတ်တရများ (အိမ့်ချစ်)
- ၁၀း၄၅ Industrial Talk [ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
- ၁၁း၁၅ သင်ယူလေ့လာ ဂီတပညာ (Vocal Training Module 02)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၈)
- ၁၂း၀၅ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ [မျိုးရိုးထဲကဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့. . .] (အပိုင်း-၁)
- ၁၂း၄၀ ပို့ဆောင်ပေးမည် တလမွန်နှင့် မွန်ပြည်နယ်ဆီ
- ၁၂း၅၅ ဖူးမြော်ကြည်ညိုဖွယ်ရာ စစ်ကိုင်းမြို့မှတန်ခိုးကြီးစေတီများ
- ၁း၀၀ "ဘာအားကိုးမလဲ" တရားတော် (အောင်စကြာဆရာတော် ဘဒ္ဒန္တစန္ဒသူရိယ)
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (ရုပ်ချောတာကောင်းတယ်၊ ရုပ်ဆိုးတာကောင်းတယ်)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၄၉)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၁၆)**
- ၅း၀၀ ရန်ကုန်မြင်ကွင်းကျယ် (BBE Co.,Ltd ၏အခမ်းအနား)
- ၅း၁၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၈)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ ဘယ်လိုမဲပေးကြမှာလဲ (မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးဝင်များ)
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ"(အပိုင်း-၅၀)**
- ၇း၁၅ Cartoon Show Time (How to Train Your Dragon)
- ၈း၀၀ MRTV-4 သတင်း -နိုင်ငံရေးပါတီများ၏ဟောပြောချက်အစီအစဉ်
- ၈း၃၀ သင်ကြားရေးလမ်းညွှန် (YIUS Pre University Level Studies)
- ၈း၅၅ Celebrity Style (ဝါဆိုမိုးဦးနှင့်တွေ့ဆုံခြင်း)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်"(အပိုင်း-၁၇)**
- ၁၀း၂၀ ထာဝရရှင်သန်တောက်ပဆဲ အနုပညာကြယ်ကြွေပွင့်များ [မျိုးရိုးထဲကဆိုးပေကြီးဗလ(သို့) အကယ်ဒမီသုမောင်သို့. . .] (အပိုင်း-၁)
- ၁၀း၅၀ ကိုယ်ရောက်နေတဲ့ကိုယ့်နေရာ (ပန်းချီဝင်းဖေမြင့်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
- ၁၁း၁၀ ပို့ဆောင်ပေးမည် တလမွန်နှင့် မွန်ပြည်နယ်ဆီ
- ၁၁း၂၅ နေထိုင်မှုဝင့်ကြွားအဆင့်မြင့် အိမ်ရာစီမံကိန်းများ (ကျောက်စိမ်းကွန်ဒိုနှင့် နဝရတ်ကွန်ဒို)
- ၁၁း၄၀ Parkway Health Patient Assistance Centre (အရိုးအထူးကုဆရာဝန်များနှင့် ဆွေးနွေးခြင်း)
- ၁၂း၀၅ ခေတ်ပြိုင်ဂီတမှတ်တိုင်များ (ကေဂျာနူး)
- ၁၂း၄၀ Industrial Talk
- ၁း၁၀ ရန်ကုန်မြင်ကွင်းကျယ် (BBE Co.,Ltd ၏အခမ်းအနား)
- ၁း၁၅ အသိစိတ်ကလေးအရင်းတည်၍ (ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင်) (ဒါရိုက်တာ-ကြည်စိုး)
- ၁း၃၀ World of Knowledge (Smart Tunnel)
- ၂း၂၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာဂျိုကာနှင့်တွေ့ဆုံခြင်း)
- ၂း၄၀ စွဲမက်ဖွယ်ရာရတနာ (စိန်ကျောက်အလားဥသဖရား) (အပိုင်း-၂)
- ၃း၀၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄း၀၅ အလှဆင်စရာပရိဘောဂကမ္ဘာ (Pannbayin Handicrafts & Furniture)
- ၄း၁၅ ထူးခြားသွင်ပြင် သတ္တုပန်းပုရုပ်သွင်
- ၄း၃၀ ညဝေတီရဲ့တေးနရီရသစုံလီ ရခိုင်စာပီ
- ၄း၄၅ စိန်ဘုရားများသီတင်းသုံးရာ ပဒုမ္မာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

သီပေါမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ကားလမ်း၊ ရထားလမ်းများ အပါအဝင် ကဏ္ဍစုံမှ စီမံဆောင်ရွက်ပေးထားပြီးဖြစ်၍ မြို့ဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

သီပေါတံတား

နိုင်ငံတော် ဝန်ကြီးချုပ် ဦးသိန်းစိန် သီပေါတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)



☆**ရှေ့ဖုံးမှ**

ရှေးဦးစွာ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းက ဖောက်လုပ်ပြီး ရထားလမ်းများနှင့် ဖောက်လုပ်ဆဲ ရထားလမ်းများ အခြေအနေ၊ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် ရထားလမ်းကွန်ရက်များ အခြေအနေ၊ ကွန်ကရစ် ဇလီဖားတုံးစက်ရုံများ တည်ဆောက်မှုနှင့် ထပ်မံတည်ဆောက်မည့် စက်ရုံများ အခြေအနေ၊ အမျိုးသားရထားလမ်းကွန်ရက် အမှတ်(၃)လမ်းမကြီး ဖောက်လုပ်ရေး စီမံကိန်းတွင် တံတားများ တည်ဆောက်မည့်အခြေအနေနှင့် ရထားလမ်း ဖြတ်သန်းသွားမည့်မြို့များ အခြေအနေ၊ မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်း စီမံကိန်း၌ လမ်းများအပိုင်းလိုက် ဖောက်လုပ်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

မှာကြား

နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် ကားလမ်းမရှိသော နေရာများရှိ ရထားလမ်းစီမံကိန်းများတွင် အုပ်ချုပ်မှုလမ်းများကို နောင်တွင် ကားလမ်းများအဖြစ် အသုံးပြုနိုင်ရေး ထည့်သွင်းစဉ်းစား စီမံဆောင်ရွက်သွားရန်၊ လုပ်ငန်းများကို ရည်မှန်းလျာထားသည့် အချိန်အတွင်း ပြီးစီးရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဒေသခံမြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး နိုင်ငံတော်က သီပေါမြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် ကားလမ်း၊ ရထားလမ်းများ အပါအဝင် ကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးထားပြီး ဖြစ်၍ မြို့ဖွံ့ဖြိုးတိုးတက်ရေးကို ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးနှင့် ယင်းအခြေခံကောင်းများအပေါ် မိမိတို့၏ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် ကိုယ်စီအလုပ်ကို ကြိုးစားဆောင်ရွက်ရေး မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သီပေါ-လဲချား-နမ့်စန်ရထားလမ်း ဖောက်လုပ်ရေး စီမံကိန်း၏ သီပေါ-လဲချားလမ်းပိုင်းအား စက်ယန္တရားကြီးများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မန္တလေး-လားရှိုးလမ်းပေါ်ရှိ သီပေါတံတား တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး သီပေါတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

လားရှိုးသို့ရောက်ရှိ

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် သီပေါမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လားရှိုးမြို့သို့ ညနေပိုင်းတွင် ရောက်ရှိကြသည်။

မြန်မာ့မီးရထားက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန်ရထားလမ်းသည် ခရီးမိုင် ၄၇၄ ဒသမ ၅၀ မိုင် ရှည်လျားပြီး ပေ ၁၈၀ အထက် တံတား ၃၉ စင်းနှင့် ပေ ၁၈၀ အောက်တံတား ၂၂၉၆ စင်းပါရှိကာ ဘူတာပေါင်း ၇၈ ဘူတာ ပါဝင်မည်ဖြစ်သည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အောင်ကျော်ဇော လိုက်ပါလျက် အောက်တိုဘာ ၁၈ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နံနက် ၈ နာရီခွဲတွင် ကွတ်ခိုင်မြို့သို့ ရောက်ရှိကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက် ကုသမှု ခံယူလျက်ရှိသော လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ကြပြီး အားပေးစကားပြောကြားကြသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးသိုလှောင်ခန်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကွတ်ခိုင်မြို့နယ် ပြည်သူ့ဆေးရုံ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၁၀-၂၀၁၀ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၀	၂။	အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၀၅	၇။	မြောက်ယမားတံတားနှင့် နန်ကသူတံတား
၈း၁၀	၈။	သီချင်းကြီးပဒေသာ
၈း၁၅	၉။	အတီးပြိုင်ပွဲ
၈း၂၅	၁၀။	တေးဂီတအစီအစဉ်
၈း၄၀	၁၁။	International News
၈း၄၅	၁၂။	"ရင်နှစ်ပန်းတို့လန်းစေချင်"
၉း၀၀	၁၃။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၃၀	၁။	Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှု အစီအစဉ် (Southern Myanmar အသင်းနှင့် ရတနာပုံ အသင်း)
၅း၀၀	၂။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၁၅	၃။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၂၀	၄။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၃၅	၅။	ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀	၆။	ညနေခင်းသတင်း
၆း၁၅	၇။	မိုးလေဝသအခြေအနေ
၆း၂၀	၈။	မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၄၅	၉။	ရွှေရင်ခုန်သံ
၇း၁၅	၁၀။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၇း၄၅	၁၁။	ဘယ်လို မဲပေးကြမှာလဲ (မြန်မာနိုင်ငံ ရုပ်ရှင် အစည်းအရုံးဝင်များ)
၈း၀၀	၁၂။	ပြည်တွင်းသတင်း
	၁၃။	နိုင်ငံရေးပါတီများ၏ ဟောပြောချက် အစီအစဉ် (ဒုတိယအကြိမ်)
	၁၄။	နိုင်ငံတကာသတင်းများ
	၁၅။	မိုးလေဝသအခြေအနေ
	၁၆။	**နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၂)**
	၁၇။	**မြန်မာဗီဒီယိုဇာတ်လမ်း "လရောင်နမ်းတဲ့ အလွမ်းသစ်ပင်" (Michita Nagatsuka၊ ညွန့်ဝင်း၊ ထွန်းအိန္ဒြာဗို) (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
	၁၈။	အစီအစဉ်ပြီး၏။

ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိ

ရန်ကုန် အောက်တိုဘာ ၁၉

ယခုတစ်ပတ်ထုတ် ရန်ကုန်တိုင်းမ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၄၁)တွင် "Political Times" အထူးအချပ်ပိုအပါအဝင် "မဲပေးဖို့ဘာတွေသိထားရမလဲ" နိုင်ငံရေးသုံးသပ်မျက်နှာဖုံးဆောင်းပါး၊ ဒီမိုကရက်တစ်ပါတီ(မြန်မာ)ဥက္ကဋ္ဌ ဦးသုဝေနှင့်တွေ့ဆုံခြင်း အပါအဝင် ပြည်တွင်းနိုင်ငံရေးသတင်းများ ဝေဝေဆာဆာဖြင့် ရန်ကုန်တိုင်းမ်ဂျာနယ် ထွက်ရှိလာပြီဖြစ်သည်။

ယင်းအပြင် ဒီမိုကရေစီမိတ်ဖက်ပါတီများအဖွဲ့မှ ဒီငြိမ်းပါတီနုတ်ထွက်၊ နေပြည်တော်တွင်ကျင်းပသည့် ရွေးကောက်ပွဲအကြိုပြင်ဆင်မှုများ ရှင်းလင်းခြင်းနှင့် မဲပေးမှုသရုပ်ပြပွဲသတင်းများ၊ ဆရာကြီးမောင်စူးစမ်းရေးသားသည့် "ပဓာနကျခြင်းနှင့် ပါရာဒိုင်းသစ်"၊ ဆရာဦးကိုကိုလှိုင်ရေးသားသည့် "မေတ္တာနှင့်နိုင်ငံရေး"၊ ဆရာဦးကျော်ဝင်းရေးသားသည့် "တိုင်းရင်းသားလူမျိုးစုပါတီများနှင့် ၂၀၁၀ အလွန် မျှော်လင့်ချက်"စသည့် နိုင်ငံရေးသုံးသပ်ဆောင်းပါးများ၊ မြန်မာနိုင်ငံသားတစ်ဦး အကြိမ်ရေအများဆုံးသွေးလှူရှင်အဖြစ် ကမ္ဘာ့ဂင်းနစ်စံချိန်တင်နိုင်ဖွယ်ရှိ၊ ပင်လယ်ပြင်တွင် ငါးဖမ်းနေစဉ် လေပြင်းကျ၍ ပျောက်ဆုံးသွားသော ရေလုပ်သား ၈၀ ကျော်အနက် ရှစ်ဦးကျောက်တန်းမြို့နယ်သို့ အသက်ရှင်လျက်မျောလာ၊ နေအိမ်ခြံအတွင်း တုံကင်ရေတွင်းတူးရာမှ သဘာဝဓာတ်ငွေ့တွေ့၊ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်း ဧရာဝတီမြစ်ဆုံ-မြစ်ညာမြစ်ဝှမ်း ရေအားလျှပ်စစ်ကုမ္ပဏီလီမိတက်လုပ်ပိုင်ခွင့်ရ၊ ၂၀၁၁ခုနှစ်တွင် နေကြတ်မှုလေးကြိမ်နှင့် လအပြည့်ကြတ်မှုနှစ်ကြိမ်ဖြစ်ပေါ်မည်၊ ပြောရေးဆိုခွင့်ရပ်ကွက်မှ "မဲပေးဖို့အသင့်ဖြစ်ပြီလား"၊ "ကာရိုက်တာတစ်ခုကို လုပ်တော့မယ်ဆိုရင် အပြင်လောကမှာ အရင်ကုန်ကြမ်းရှာတယ်" အကယ်ဒမီမို့မို့မြင့်အောင်နှင့် လိုတိုဗျူးစသည့် ဖျော်ဖြေရေးကဏ္ဍအပါအဝင် သတင်းစုံလင်စွာဖြင့် ထွက်ရှိလာပြီဖြစ်သည်။

နယ်လ်ဆင်မင်ဒဲလား ဆယ်စုနှစ်ပေါင်းများစွာ သိမ်းဆည်းထားသော ကိုယ်ရေးမှတ်တမ်းများ စုစည်းထားသည့် 'ကျွန်ုပ်ကိုကျွန်ုပ်စကားပြောခြင်း' စာအုပ်ထုတ်ဝေ၊ ငွေကြေးတန်ဖိုးကွာဟချက်က အမေရိကန်အရှိန်အဝါကျဆင်းမှုကိုပြဆိုနေ၊ ဖိလစ်ပိုင်အိမ်ဖော်လိုချင်သလား နှစ်လစောင့်လိုက်ပါ၊ သတိပြုဆင်ခြင်ဖွယ်ရာ အလက်ဂျီးစ်ရောဂါ၊ ခေတ်မီဆန်းပြားသော သူလျှိုလေယာဉ် အမေရိကန်တီထွင်၊ "မလေးအလုပ်ကုန်လုပ်ငန်းပိုင်ရှင် အမျိုးသမီးအသတ်ခံရမှုနှင့် ပတ်သက်ပြီး ကြိုးကိုင်သူရှေ့နေနှင့် ခြံလုပ်သားသုံးဦး တရားစွဲခံရ" မှုခင်းရေးရာကဏ္ဍ၊ နိုင်ငံတကာဖျော်ဖြေရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ နည်းပညာကဏ္ဍများစုံလင်စွာပါရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် တာမိုးညဲမြို့နယ်ခွဲ ဘိန်းအစားထိုး ဝူးလုံလက်ဖက်ခြောက်စက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

- ✳ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်သို့ ရောက်ရှိအောင် စက်မှုနိုင်ငံ ထူထောင်။
- ✳ စက်မှုနိုင်ငံ တည်ထောင်နိုင်ရန်အတွက် မိမိတို့တွင် သဘာဝသယံဇာတပစ္စည်းများရှိပြီးဖြစ်၍ ယင်းသယံဇာတများကို ထုတ်ယူသုံးစွဲရန် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များလို။
- ✳ လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးဒေသတစ်ခုစီတွင် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ်တစ်ခုစီ ထူထောင်ပေးထားပြီး လူ့စွမ်းအားအရင်းအမြစ်များကို မိမိတို့ဒေသတွင်းမှာပင် မွေးထုတ်နိုင်ရေး စီမံဆောင်ရွက်ပေးထား။

❖ စာမျက်နှာ ၇ မှ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကွတ်ခိုင်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နမ့်ခမ်းမြို့သို့ ရောက်ရှိကြသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် နမ့်ခမ်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကား ပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နမ့်ခမ်းမြို့ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြပြီး နမ့်ခမ်းမြို့မှ မူဆယ်မြို့သို့ ရဟတ်ယာဉ်များဖြင့် ဆက်လက် ထွက်ခွာခဲ့ကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် မူဆယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ရွှေခေတ်ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်လျက်ရှိသော တိုးချဲ့နှစ်ထပ် ဖျားနာဆောင်သစ် ဆောက်လုပ်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆေးဝါးပစ္စည်းများပေးအပ်

ယင်းနောက် ဝန်ကြီးချုပ်သည် မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ယာယီရှင်းလင်းဆောင်၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဆေးဝါးပစ္စည်းများကို ပေးအပ်ရာ ဆေးရုံအုပ်ကြီး ဒေါက်တာမြင့်မြင့်ခိုင်က လက်ခံသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့နယ် ပြည်သူ့ဆေးရုံ၌ တက်ရောက် ဆေးကုသမှုခံယူလျက်ရှိကြသော လူနာများအား စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး အားပေးစကား ပြောကြားကြသည်။

လှည့်လည်ကြည့်ရှု

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့ ဖွံ့ဖြိုးစည်ပင်မှုအခြေအနေနှင့် မြန်မာ-တရုတ် နယ်စပ်ဂိတ်ရှိ စစ်ဆေးရေးစခန်းများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် မူဆယ်မြို့(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းသို့ ရောက်ရှိ၍ ကုန်တင်ယာဉ်များ ဝင်၊ ထွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး သွင်းကုန်ဌာနသို့ ရောက်ရှိရာ ကုန်စီးဆင်းမှုအခြေအနေနှင့် သွင်းကုန်များအား One Stop Services(OSS) ဖြင့် လုပ်ငန်းဆောင်ရွက်ပေးနေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အလုပ်ကို ရိုးရိုးသားသား ကြိုးစားဆောင်ရွက်ရန်နှင့် ကုန်စည်ကူးသန်းမှုကို ဥပဒေ၊ စည်းကမ်း၊ လုပ်နည်းများနှင့်အညီ သွက်လက်မြန်ဆန်ရေးကို စေတနာထား လုပ်ဆောင်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မူဆယ်မြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ရာ လားရှိုးမြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အောက်တိုဘာ ၁၉ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့မှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး နံနက် ၈ နာရီ မိနစ် ၄၀ တွင် ကွတ်ခိုင်မြို့နယ် တာမိုးညဲမြို့နယ်ခွဲသို့ ရောက်ရှိကြသည်။

ပြည်သူများအားတွေ့ဆုံ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာမိုးညဲမြို့နယ်ခွဲ ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး မော်တော်ကားလမ်း လမ်းသားတိုးချဲ့ခြင်းလုပ်ငန်း၏ ယာယီရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံပြည်သူများအား တွေ့ဆုံ၍ နိုင်ငံတော်မှ တာမိုးညဲဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ ကားလမ်းများအပါအဝင် ပညာရေး၊ ကျန်းမာရေးစသည့် အခြေခံကောင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ လူမှုစီးပွားဘဝ တိုးတက်အောင် ကြိုးစားဆောင်ရွက်ရင်း ဒေသဖွံ့ဖြိုးရေးကိုလည်း စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး (၁၈)မိုင်လမ်းဆုံ (တာရွှေထန်လမ်း) မူလလမ်းကို ၃၄ ပေ အကျယ်လမ်း တိုးချဲ့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ဝူးလုံလက်ဖက်စိုက်ခင်းကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဒေသခံပြည်သူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ယာယီရှင်းလင်းဆောင်၌ နိုင်ငံတော်ဝန်ကြီးချုပ်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်က ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ လမ်းများအခြေအနေနှင့် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး (၁၈)မိုင်လမ်းဆုံ (တာရွှေထန်လမ်း) မူလလမ်းကို ၃၄ ပေအကျယ် လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးချုပ်အား တာမိုးညဲချမ်းသာကုမ္ပဏီ ဥက္ကဋ္ဌ ဦးမြင့်လွင်က ရေမွှေးလီလီပန်းကို ဒေသအတွင်း စမ်းသပ်စိုက်ပျိုးခဲ့ရာ စီးပွားဖြစ်အောင်မြင်စွာ စိုက်ပျိုးနိုင်မှုအခြေအနေကို ပန်းနမူနာဖြင့် တင်ပြသည်။

အားပေးစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာမိုးညဲမြို့နယ်ခွဲ ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအုပ်ကြီးနှင့် ဆရာဝန်၊ ဆရာမများအား ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေကို မေးမြန်းကာ ရင်းရင်းနှီးနှီးနှုတ်ဆက်၍ အားပေးစကားပြောကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်သည် ဆေးရုံ၏ သွားစိုက်ခန်း၊ ခွဲစိတ်ခန်း၊ ဆေးသိုလှောင်ခန်းနှင့် ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဆေးရုံတက်ရောက်၍ ကုသမှုခံယူလျက်ရှိကြသော လူနာများအား စားသောက်ဖွယ်ရာများ ပေးအပ်ပြီး အားပေးစကားပြောကြားသည်။

ကပ်လှူပူဇော်

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် တာမိုးညဲမြို့နယ်ခွဲ မဟာဝေယံဘုံသာရန်အောင်မြင် စေတီတော်သို့ ရောက်ရှိပြီး စေတီတော် ဘက်စုံပြုပြင်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကာ စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီးနှင့် အမွှေးနံ့သာတို့ဖြင့် ကပ်လှူပူဇော်သည်။

ယင်းနောက် ဝန်ကြီးချုပ်သည် တောင်တန်းသာသနာပြု ရန်အောင်မြင်ကျောင်းတိုက်ဆရာတော် သဒ္ဒမ္မဇောတိကဓဇ ဘဒ္ဒန္တ ဥက္ကံသ အမှူးပြုတော်မူသော သံဃာတော်များအား ဖူးမြော်ကြည်ညိုကာ သာသနာရေးဆိုင်ရာများကို လျှောက်ထားပြီး သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့နယ်ခွဲ ဘိန်းအစားထိုး ဝူးလုံလက်ဖက်ခြောက်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူး ဦးခင်မောင်က အရည်အသွေးကောင်းမွန်သော လက်ဖက်ခြောက်ရရှိရေး ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ်သည့် လက်ဖက်ခြောက်အရသာကို စမ်းသပ်သောက်သုံးစစ်ဆေးပြီး လက်ဖက်ခြောက်ထုပ်များကို အဆင့်မီထုပ်ပိုးမှုကို ကြည့်ရှုလေ့လာကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကွတ်ခိုင်-တာမိုးညဲ-မုံးစီး-တာပါး (၁၈)မိုင် လမ်းဆုံ(တာရွှေထန်လမ်း) မူလလမ်းအား လမ်းတိုးချဲ့နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်နယ်နှင့် တိုင်းဒေသကြီး

ရန်ကုန် အောက်

အားကစားဝန်ကြီးဌာန အားကစားနှင့် ဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲ အကြို သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ကျင်းပရ ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး တက်ရောက်သွားပြီဖြစ်သည်။

ဗိုလ်လုပွဲ

အောက်တိုဘာ ၂၁ ရက် ညနေ ၃ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအ အောက်တိုဘာ ၂၄ ရက် ညနေ ၃နာရီတွင် ဗို အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတ တွင် ဆုပေးအပ်ပွဲအခမ်းအနားကို ဆက်လ

နိုင်ငံအဆင့်သို့ ရောက်ရှိအောင်
...ကို့တွင် သဘာဝသယံဇာတပစ္စည်း
...တ်ယူသုံးစွဲရန် အတတ်ပညာရှင်
...များ မွေးထုတ်ပေးနိုင်ရေးအတွက်
...ဖြိုးရေးဒေသတစ်ခုစီတွင် ဝိဇ္ဇာနှင့်
နည်းပညာတက္ကသိုလ်တစ်ခုစီ
...စ်များကို မိမိတို့ဒေသတွင်းမှာပင်

လျှောက်ထားပြီး သက်န်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်က စေတီတော်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့နယ်ခွဲ ဘိန်းအစားထိုး ဝူးလုံလက်ဖက်ခြောက်စက်ရုံသို့ ရောက်ရှိကြရာ စက်ရုံမှူး

ထို့နောက် ဝန်ကြီးချုပ်သည် လက်ဖက်ခြောက်စက်ရုံအနီးရှိ ဝူးလုံလက်ဖက်စိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တာမိုးညဲမြို့နယ်ခွဲမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး သိန်းနီမြို့သို့ ရောက်ရှိကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ်သည် သိန်းနီမြို့ရှိ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် ဓာတ်အားခွဲရုံရှင်းလင်းဆောင်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ အမှာစကား ပြောကြားသည်။

ပြန်လည်ရောက်ရှိ

ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သိန်းနီမြို့မှ လားရှိုးမြို့သို့ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လားရှိုးမြို့မှ တစ်ဆင့် လေကြောင်းခရီးဖြင့်

တိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးအပါအဝင် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ပြီး ကဏ္ဍစုံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပေးခဲ့၍ ယင်းအခြေခံကောင်းများကို ပြည်သူများ လက်တွေ့ခံစားနေရမှု အခြေအနေ၊ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံအဆင့်သို့ ရောက်ရှိအောင် စက်မှုနိုင်ငံ ထူထောင်ရမည့်အခြေအနေ၊ စက်မှုနိုင်ငံတည်ထောင်နိုင်ရန်အတွက် မိမိတို့တွင် သဘာဝသယံဇာတပစ္စည်းများရှိပြီးဖြစ်၍ ယင်းသယံဇာတများကို ထုတ်ယူသုံးစွဲရန် အတတ်ပညာရှင် လူ့စွမ်းအားအရင်းအမြစ်များ လိုအပ်မှုအခြေအနေ၊ လိုအပ်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ဖွံ့ဖြိုးရေးဒေသကြီး (၂၄)ခု သတ်မှတ်ပြီး ဖွံ့ဖြိုးရေးဒေသတစ်ခုစီတွင် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် နည်းပညာတက္ကသိုလ် တစ်ခုစီ ထူထောင်ပေးထားပြီး လူ့စွမ်းအား အရင်းအမြစ်များကို မိမိတို့ဒေသတွင်းမှာပင် မွေးထုတ်

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် မူဆယ်မြို့ (၁၀၅) မိုင် နယ်စပ်ကုန်သွယ်ရေးဇုန် စစ်ဆေးရေးစခန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ရေး စီမံဆောင်ရွက်ပေးထားမှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး လက်ရှိရရှိနေသည့် တည်ငြိမ်အေးချမ်းမှုကို သားစဉ်မြေးဆက်အထိ ဆက်လက်ထိန်းသိမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ဒေသအာဏာပိုင်များနှင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးအတွက် ကလေးများအတန်းပညာ ကုန် သင်ကြားရေးနှင့် အဆင့်မြင့်ပညာသင်ကြားနိုင်အောင် အားပေးကူညီ ဆောင်ရွက်ပေးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ ရရှိဖြစ်ထွန်းနေသည့် အခြေခံကောင်းများအပေါ် မိမိတို့စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်အောင် အလုပ်ကို ကြိုးစားဆောင်ရွက်ရေး မှာကြားခဲ့သည်။ (သတင်းစဉ်)

...းသိန်းစိန် ဝူးလုံလက်ဖက်စိုက်ခင်းကို ကြည့်ရှု (သတင်းစဉ်)

ဦးခင်မောင်က အရည်အသွေးကောင်းမွန်သော လက်ဖက်ခြောက်ရရှိရေး ထုတ်လုပ်မှုအဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုလေ့လာ

နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်ရုံမှထုတ်လုပ်သည့် လက်ဖက်ခြောက်အရသာကို စမ်းသပ်သောက်သုံးစစ်ဆေးပြီး လက်ဖက်ခြောက်ထုပ်များကို အဆင့်မီထုပ်ပိုးမှုကို ကြည့်ရှုလေ့လာကြသည်။

ဖြန့်ဖြူးရေးလုပ်ငန်း၏ ၆၆/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံသို့ ရောက်ရှိရာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်အောင်က ၆၆/၁၁ ကေဗွီ (၅) အမ်ဗွီအေ ဓာတ်အားခွဲရုံနှင့် လားရှိုး-သိန်းနီ (၆၆) ကေဗွီဓာတ်အားလိုင်း (၃၄) မိုင် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်စွက်ရှင်းလင်း

ထို့နောက် ဝန်ကြီး ဦးခင်မောင်မြင့်က အနာဂတ်တွင် ဓာတ်အားလိုင်း ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်ထွက်ခွာခဲ့ကြရာ နေပြည်တော်သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)ရှိ မြို့နယ်များ၏ ဖွံ့ဖြိုးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ် သက်ဆိုင်ရာ ဒေသခံများနှင့် တွေ့ဆုံ၍ တစ်ချိန်က ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ စသည့် ကျဉ်းမြောင်းသော အတွေးအခေါ် အမြင်များကြောင့် သောင်းကျန်းမှုများရှိခဲ့၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့မှုအခြေအနေ၊ ယခုအခါ တည်ငြိမ်အေးချမ်းမှု ရှိနေပြီဖြစ်၍ နိုင်ငံတော်မှ ဒေသဖွံ့ဖြိုး

မူဆယ်မြို့ကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)



ပြည်နယ်နှင့် တိုင်းဒေသကြီး ဟော်ကီပြိုင်ပွဲအကြိုဗိုလ်လု

ရန်ကုန် အောက်တိုဘာ ၁၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ဒုတိယအကြိမ် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသားဟော်ကီပြိုင်ပွဲ အကြိုဗိုလ်လုပွဲကို ယနေ့ညနေ ၃ နာရီက သိမ်ဖြူမြက်ခင်းတု ဟော်ကီကွင်း၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ဗိုလ်လုပွဲ

အောက်တိုဘာ ၂၁ ရက် ညနေ ၃ နာရီတွင် တတိယနေရာလုပွဲအဖြစ် ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အောက်တိုဘာ ၂၄ ရက် ညနေ ၃နာရီတွင် ဗိုလ်လုပွဲအဖြစ် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ဗိုလ်လုပွဲအပြီးတွင် ဆုပေးအပ်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ (၁၉)

မန္တလေးတိုင်းဒေသကြီးအသင်းက ဧရာဝတီတိုင်းဒေသကြီးအသင်းဘက်သို့ ပထမဂိုး စတင်သွင်းယူလိုက်စဉ်။ (၁၉)

သီတင်းကျွတ်ကန်တော့ရန် ပိုလာပဲဦးရည်သန့် မြေပဲဆီစစ်စစ်များ ရောင်းချ

ရန်ကုန် အောက်တိုဘာ ၁၉

သီတင်းကျွတ်၌ မိဘ၊ ဆရာတို့ကို ကန်တော့ရန် အကောင်းဆုံး ကန်တော့ပစ္စည်း မြေပဲရနံ့၊ မြေပဲအရသာ၊ မြေပဲအာဟာရပြည့်ပြည့်ဝဝဖြင့် ပိုလာ မြေပဲဆီသန့်များကို အထူးထုတ်လုပ်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မြေပဲဆီသန့် ထုတ်လုပ်မှုကို ၁၉၉၉ ခုနှစ်မှ စတင်ခဲ့ပြီး အတွေ့အကြုံ ဆယ်စုနှစ် တစ်စုခန့်ရှိခဲ့ပြီဖြစ်ကြောင်း၊ ပိုလာမြေပဲဆီသန့်ကို အကောင်းဆုံးသော မြေပဲဆန်များ ရွေးချယ်ဝယ်ယူပြီး သေချာစွာ သန့်စင်ကာ ကောင်းမွန်သော ထုတ်လုပ်မှုနည်းစဉ်များဖြင့် ထုတ်လုပ်ထားကြောင်း၊ ပဲဦးရည်သန့်မြေပဲဆီစစ်စစ်ဖြစ်ကြောင်း၊ ကိုယ်ပိုင်စက်ရုံမှ ကိုယ်တိုင်ထုတ်လုပ်ထားခြင်းဖြစ်သောကြောင့် အရည်အသွေးနှင့် အလေးချိန်ကို အထူးအာမခံကြောင်း၊ ပစ္စည်းအစစ်အမှန်ကို ဈေးနှုန်းချိုသာစွာ ဝယ်ယူအသုံးပြုနိုင်အောင် စီမံဆောင်ရွက်ထားကြောင်း၊ အလိုရှိသလို ဝယ်ယူနိုင်အောင် တစ်ပိဿာ၊ နှစ်ပိဿာ၊ သုံးပိဿာ၊ ငါးပိဿာနှင့် ၁၀ ပိဿာဝင် ဘူးများဖြင့် ထည့်သွင်းထုပ်ပိုးထားကြောင်း၊ ဘာသာရေးအလှူအတန်းပြုလုပ်မည့်သူများ ဝယ်ယူပါကလည်း ကုသိုလ်ပါဝင်နိုင်အောင် စီစဉ်ထားကြောင်းလည်း သိရသည်။ စက်ရုံမှ လတ်လတ်ဆတ်ဆတ် ကြိတ်ခွဲထုတ်လုပ်ရောင်းချပေးနေသော ပိုလာပဲဦးရည်သန့်မြေပဲဆီစစ်စစ်ကို တစ်ပိဿာ ငွေကျပ် ၃၂၀၀ ဈေးဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ ဆီ အရည်အသွေးကောင်းကောင်းကို ယခုထက် ဈေးနှုန်းချနိုင်အောင်လည်း ကြိုးစားလျက်ရှိကြောင်း၊ ပိုလာမြေပဲဆီသန့် စစ်စစ်များကို အမှတ်(၁၄၆) ဆရာစံလမ်း စက်မှုဇုန်(၂) လှိုင်သာယာစက်မှုမြို့ ဖုန်း-၀၁-၆၈၄၇၁၈၊ ၆၈၅၈၈၆၊ ၇၀၅၃၆၆၊ ၃၉၂၆၄၁နှင့် ၀၉-၅၁၆၃၈၀၃ တို့သို့ ဆက်သွယ်ဝယ်ယူပါက ငါးပိဿာနှင့်အထက်ကို အိမ်အရောက် အခမဲ့ပို့ဆောင် ပေးလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ဝန်ကြီး ဦးခင်မောင်မြင့် လားရှိုး-မန်စံလမ်းနှင့် သီပေါ-ပန်လုံ လမ်းအပိုင်း ကတ္တရာလမ်း ပြုပြင်ထိန်းသိမ်းခြင်းနှင့် လေလုကြိုးတံတားကြံ့ခိုင်မှု ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီ မိနစ် ၄၀ တွင် လားရှိုး-မန်စံ-နမ္မတူလမ်း၏ လားရှိုး-မန်စံ လမ်းအပိုင်းကို လားရှိုးခရိုင်နှင့် လမ်းအထူးအဖွဲ့(၁)တို့က ကတ္တရာလမ်းအဆင့် တိုးမြှင့်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် နမ့်ဆန်-ပန်လုံလမ်း လေလုကြိုးတံတား ကြံ့ခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် သီပေါ-မန်စံ-နမ္မတူလမ်း၏ သီပေါ-ပန်လုံ လမ်းအပိုင်း မိုင်တိုင်အမှတ်(၁၇/၇)နှင့် (၁၈/၀) အကြား၌ ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက ကတ္တရာခင်းရာတွင် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ရန်၊ ပွင့်လင်းရာသီတွင် လုပ်ငန်းများအရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် ယခုအချိန်မှစ၍ လမ်းခင်းကျောက်များ စုဆောင်းထားရန်၊ လမ်းဘေးဝဲ၊ယာ ရေနုတ်မြောင်းများ ဖောက်လုပ်ပေးရန်တို့ကို မှာကြားသည်။ ယင်းနောက် မွန်းလွဲ ၂ နာရီတွင် နမ့်ဆန်-ပန်လုံလမ်း မိုင်တိုင်အမှတ် (၂၁/၁)အနီးရှိ အရှည်ပေ ၃၂၀ရှိ လေလု ကြိုးတံတားသို့ ရောက်ရှိပြီး နမ့်ဆန်ဘက်ကမ်း တံတားကြံ့ခိုင်မှု အခြေအနေ၊ ကုန်တင်ယာဉ်ကြီးများ ဖြတ်သန်းသွားလာမှု အခြေအနေနှင့် ပန်လုံဘက်ကမ်း၌ တံတားဘေလီသံပေါင်နှင့် တံတားတိုင်များ ကြံ့ခိုင်မှုအခြေအနေတို့ကို တံတားကြီးပေါ်မှ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အမြဲမပြတ်စစ်ဆေးပေးရန်နှင့် တံတားခံနိုင်ဝန်အတိုင်း မော်တော်ယာဉ်များ ဖြတ်သန်းသွားလာရေးတို့ကို အထူးအလေးထား ကြပ်မတ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ တောင်ပိုင်းဒေသများ မိုးပိုလာမည်

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့နံနက် ၉ နာရီခွဲအချိန်ထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** မြိတ်မြို့တွင် ၃ ဒသမ ၅၀ လက်မ၊ ကျိုက်မရောမြို့တွင် ၂ ဒသမ ၄၁ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၁၇ လက်မ၊ ပေါင်မြို့တွင် ၂ ဒသမ ၀၂ လက်မ၊ ရေးမြို့တွင် ၁ ဒသမ ၉၇ လက်မ၊ ချောင်းဆုံမြို့တွင် ၁ ဒသမ ၇၇ လက်မ၊ ခရမ်းမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ထားဝယ်မြို့နှင့် ကော့ကရိတ်မြို့တို့တွင် ၁ ဒသမ ၃၈ လက်မစီ၊ ဂွမြို့နှင့် တောင်ကုတ်မြို့တို့တွင် ၁ ဒသမ ၃၀ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၁၂နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

အောက်တိုဘာ ၂၀ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်	၃၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၉၃ ဒီဂရီဖာရင်ဟိုက်)	၁၈-၁၀-၂၀၁၀
အနိမ့်ဆုံးအပူချိန်	၂၄ ဒသမ သုည ဒီဂရီစင်တီဂရိတ်	(၇၅ ဒီဂရီဖာရင်ဟိုက်)	၁၉-၁၀-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ	၉၂ ရာခိုင်နှုန်း		၁၉-၁၀-၂၀၁၀
မိုးရေချိန်	မရှိပါ		၁၉-၁၀-၂၀၁၀

မြန်မာ့ရက်စဉ်သမိုင်း(ပထမတွဲ) (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ) မြန်မာ့ရက်စဉ်သမိုင်း (ဒုတိယတွဲ) (၁၉၄၅ မှ ၂၀၀၈ အထိ) စာအုပ် ထုတ်ဝေဖြန့်ချိ

နေပြည်တော် အောက်တိုဘာ ၁၉

ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာနက မြန်မာ့ရက်စဉ်သမိုင်း စာအုပ်ကို နှစ်အုပ်တွဲပြီး ထုတ်ဝေဖြန့်ချိလိုက်သည်။

မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ) (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ) နှင့် မြန်မာ့ရက်စဉ်သမိုင်း (ဒုတိယတွဲ) (၁၉၄၅-၂၀၀၈ အထိ)ဟူ၍ နှစ်အုပ်ခွဲ၍ ထုတ်ဝေလိုက်သည်။ ယခုထုတ်ဝေလိုက်သည့် မြန်မာ့ရက်စဉ်သမိုင်း (ပထမတွဲ) တွင် မြန်မာနိုင်ငံ ဖြစ်တည်ပေါ်ထွန်းလာသည့် ဘူမိရုပ်သွင်မှသည် မြန်မာနိုင်ငံတွင်း ဖြစ်ထွန်းပေါ်ပေါက်ခဲ့သော ပရိုင်းမိတ် ကျောက်ဖြစ်ရုပ်ကြွင်းများ၏ သက်တမ်း အနှစ်သန်းပေါင်း ၄၀ ကျော်မှစတင်ခဲ့ပြီး မြန်မာရှေးဟောင်းမြို့ပြနိုင်ငံများမှဖြစ်ရပ်၊ ပုဂံ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်းကုန်းဘောင်ခေတ် အဖြစ်အပျက်ခေတ်အစဉ်ကို ဖြတ်သန်းကာ ကိုလိုနီခေတ်နှင့် ၁၉၄၅ ခုနှစ် ဂျပန်ခေတ်ကာလအထိ ရေးသားထားသည်။

မြန်မာ့ရက်စဉ်သမိုင်း (ဒုတိယတွဲ) တွင်မူ လွတ်လပ်ရေးမတိုင်မီ အဖြစ်အပျက်များနှင့် လွတ်လပ်ပြီးကာလ ပါလီမန်ဒီမိုကရေစီခေတ်၊ အိမ်စောင့်အစိုးရခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်ကာလနှင့် ယနေ့မျက်မှောက်ခေတ်အဖြစ်အပျက်များဖြစ်သော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုနှင့် တည်ဆောက်ရေးအဖွဲ့၏ ဆောင်ရွက်မှုများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆောင်ရွက်ချက်များအပါအဝင် မှတ်တမ်းဝင်အဖြစ်အပျက်များအား ရေးသားဖော်ပြထားသည်။



မြန်မာ့သမိုင်းကို မြန်မာတို့အနေဖြင့် အလွယ်တကူ အချိန်တိုအတွင်း စာအုပ်တစ်အုပ်တည်းဖြင့် သမိုင်းအဖြစ်အပျက်များအား သိရှိလာနိုင်မည်ဖြစ်ပြီး ထုတ်နုတ်အသုံးပြုနိုင်ပေလိမ့်မည်။ ဤမြန်မာ့ရက်စဉ် သမိုင်းစာအုပ်သည် သမိုင်းလေ့လာသူ၊ သမိုင်းပညာရပ်ကိုဝါသနာထုံသူ၊ သမိုင်းပညာဖြင့် မကင်းနိုင်သူများ၊ သမိုင်းဘာသာရပ်ကို သင်ကြားပို့ချပေးနေသော ဆရာ၊ ဆရာမများနှင့် သမိုင်းဘာသာရပ်တွင် သမိုင်းဘွဲ့ယူရန် ကြိုးပမ်းနေကြသော သမိုင်းကျောင်းသား၊ ကျောင်းသူများအတွက်လည်း မရှိလျှင်မဖြစ် လက်ဝယ်ရယူထားရမည့် စာအုပ်ကောင်းတစ်အုပ်ဟု ဆိုရမည် ဖြစ်သည်။

ဤစာအုပ်ကို သမိုင်းသုတေသနဦးစီးဌာနက ဖြန့်ချိ၍ ရန်ကုန်မြို့ ပြည်လမ်း အမျိုးသားပြတိုက်ရှိ သမိုင်းသုတေသန ဦးစီးဌာန၏ စာအုပ်အရောင်းဆိုင်တွင် လည်းကောင်း၊ နေပြည်တော် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနဦးစီးဌာန ရုံးအမှတ် (၃၅)တွင်လည်းကောင်း ပထမတွဲ တစ်အုပ်လျှင် ငွေကျပ် ၃၀၀၀၊ ဒုတိယတွဲ တစ်အုပ်လျှင် ငွေကျပ် ၂၈၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်မည် ဖြစ်သည်။

အဆိုပါစာအုပ်ကို နေပြည်တော် ရုံးအမှတ် (၃၅) ဖုန်း-၀၆၇-၄၀၈၃၈၃၊ ၄၀၈၃၈၄၊ ၄၀၈၃၄၄ နှင့် ရန်ကုန် အမျိုးသားပြတိုက် သမိုင်းသုတေသန ဦးစီးဌာန ဖုန်း-၀၁-၃၉၅၁၉၀၊ ၃၉၅၁၉၅၊ ၃၉၅၁၉၂ တို့သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် လေးလပတ် လုပ်ငန်းအစည်းအဝေး

ရန်ကုန် အောက်တိုဘာ ၁၉

မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် (MBF) ၏ လေးလပတ်လုပ်ငန်းအစည်းအဝေးကို အောက်တိုဘာ ၁၄ ရက်က မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ရုံး(သုဝဏ္ဏ)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးရန်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(အပေါ်ပုံ)** ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်စိုးက လေးလအတွင်း အဖွဲ့ချုပ်၏ လုပ်ဆောင်မှုများကို မိမိကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။ ထို့နောက် အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်က ကမ္ဘာ့လက်ဝှေ့အဖွဲ့ချုပ်၊ အာရှလက်ဝှေ့အဖွဲ့ချုပ်များနှင့် ဆက်သွယ်ဆောင်ရွက်မှု အပိုင်းများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ဆွေးနွေးတင်ပြ

အတွင်းရေးမှူးနှင့် အဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးမင်းဟန်က အဖွဲ့ချုပ်၏ ဘဏ္ဍာရေးကိစ္စရပ်များကို ဆွေးနွေးပြီး ဗဟိုအလုပ်အမှုဆောင် ဦးမြင့်လွင်က လက်ဝှေ့လေ့ကျင့်ရေးရုံသစ်ကြီး တည်ဆောက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဒေါက်တာရဲတင့်လွင်၊ ဦးအုန်းမြင့်စသည့် ဗဟိုအလုပ်အမှုဆောင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။ နည်းပြချုပ် ဦးတင်မောင်ဖေက ဘာဘေးဒိုး၌ ကျင်းပသော ကမ္ဘာ့အမျိုးသမီး လက်ဝှေ့ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မှုနှင့် ပတ်သက်၍ လည်းကောင်း၊ လူငယ်သွေးသစ်များ ဖော်ထုတ်ရေးစသည့် ပြည်တွင်းလေ့ကျင့်ရေးကိစ္စများကို ဆွေးနွေးတင်ပြသည်။ နိုင်ငံခြားနည်းပြငှားရမ်းရေး၊ ပြည်ပဖိတ်ခေါ်ပြိုင်ပွဲများပြုလုပ်ရေး၊ ဒိုင်လူကြီးသင်တန်းများ ကျင်းပရေးတို့ကိုလည်း ဝိုင်းဝန်းဆွေးနွေးခဲ့ကြသည်။ (လက်ဝှေ့အဖွဲ့ချုပ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘားမဲ့တောင်ပေါ် ဂါလန်တစ်သိန်းဆံ့ တိုးချဲ့ရေလှောင်ကန် ဆောက်လုပ်နေမှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမင်းမောင် ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာမှူး ဦးတင်မောင်ဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နေခြည်လွင်တို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

- ❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
- ❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

- ❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
- ❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

- ☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

- ☆ VOA, BBC - ရန်တိုက်ပေးနေသည်။
- ☆ RFA, DVB - သွေးထိုးနေသည်။
- ☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ချစ်ကြည်ရေးလက်ဆောင်အဖြစ် တတိယအကြိမ် စက်ခေါင်းများ လွှဲပြောင်းပေးအပ်

ကြည့်ရှု

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်းနှင့် တာဝန်ရှိသူများ ချစ်ကြည်ရေး ရထားစက်ခေါင်းများကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

နေပြည်တော် အောက်တိုဘာ ၁၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာနသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာနမှ ချစ်ကြည်ရေးလက်ဆောင်အဖြစ် တတိယအကြိမ် စက်ခေါင်း ၃၀ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ နေပြည်တော်ဘူတာကြီး၌ ကျင်းပရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မင်း တက်ရောက်အားပေးပြီး ရထားစက်ခေါင်းများအား အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေ၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရထားဝန်ကြီးဌာန ကူမင်းမီးရထားအုပ်ချုပ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် Mr. Wen Qing Liong နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးသိန်းဆွေက အမှာစကားပြောကြားရာတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ပထမအကြိမ် ချစ်ကြည်ရေးလက်ဆောင်ဖြစ်သည့် လူစီးတွဲ ၁၃၀ ကို ၂၀၀၆ ခုနှစ် ဇွန်လတွင် လက်ခံရရှိခဲ့ပြီး ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် စတင်ပြေးဆွဲနိုင်ခဲ့ကြောင်း၊ နှစ်နိုင်ငံအကြား ရထားဝန်ကြီးဌာနအချင်းချင်း အဆင်ပြေချောမွေ့စွာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်ခဲ့မှုကြောင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ဒုတိယအကြိမ်မြောက် ချစ်ကြည်ရေးလက်ဆောင် စက်ခေါင်း ငါးလုံး၊ လူစီးတွဲ ၂၀ နှင့် ကုန်တွဲ ၂၀၀ ကိုလည်း ၂၀၀၉ ခုနှစ် ဩဂုတ်လက လွှဲပြောင်း လက်ခံရရှိသဖြင့် ခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေးအတွက် ရထားလမ်းများ၌ ပြေးဆွဲခဲ့သည်မှာ တစ်နှစ်ကျော်ပြီဖြစ်ကြောင်း၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❍

ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ အားကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိ

နေပြည်တော် အောက်တိုဘာ ၁၉

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်အားကောင်းလာနိုင်ခြင်း ရှိ၊ မရှိ စောင့်ကြည့်လျက်ရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)